ဆိုင်ရာ ဝန်ဆောင်မှုများ ချိတ်ဆက်မှုဖွံ့ဖြိုးလာစေရန် ဗျူဟာမြောက် ဆောင်ရွက်လာနိုင်မည် ဖြစ်သည်။

အစိုးရမဟုတ်သောအဖွဲ့အစည်းများ (NGOs)၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ (CSOs) နှင့် အလှူရှင် အဖွဲ့အစည်းများသည် ကျေးရွာလူထု၏အမှန်တကယ် လိုအပ်ချက်များနှင့် ဦးစားပေး ဆောင်ရွက်ရမည့် လုပ်ငန်းများအား ပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။ ဘဏ်လုပ်ငန်းရှင်များနှင့် အသေးစားချေးငွေလုပ်ငန်းရှင်များအနေဖြင့် ကျေးလက်ဒေသရှိ ငွေကြေးဆိုင်ရာ လိုအပ်ချက်များ အတွက် သတင်းအချက်အလက်များ ပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

နည်းပညာ အထောက်အပံ့ပေးမည့် အဖွဲ့အစည်းများနှင့် တက္ကသိုလ်များ အနေဖြင့် ကျွန်တော်တို့ ကျေးရွာနှင့် ကျေးလက်လူထု၏ တိကျသောလိုအပ်ချက်များအား သိရှိလာခြင်းကြောင့် ကျွန်တော်တို့ ကျေးရွာနှင့်ဆိုင်သော ၎င်းတို့၏သုတေသနလုပ်ငန်းများကို စီစဉ်ဆောင်ရွက် လာနိုင်မည်ဖြစ်သည်။

မီဒီယာများ၊ ပြန်ကြားဆက်သွယ်ရေးနှင့် ပြည်သူ့အရေးရပ်တည်မှုပေးသည့် အဖွဲ့အစည်းများ အနေဖြင့် ယုံကြည်ရလောက်သည့် သတင်းအချက်အလက်များကို ရရှိနိုင်မည်။

နိုင်ငံတကာ ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သည့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာ ငွေကြေးဆိုင်ရာ အဖွဲ့အစည်းများ (ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)၊ နိုင်ငံတကာ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် အလှူရှင်အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့အချင်းချင်း ပေါင်းစည်း ဆောင်ရွက်မှု ပိုမိုကောင်းမွန်စေပြီး ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်များကို မြို့နယ်အဆင့်တွင် ပေါင်းစပ်ညှိနှိုင်း စီစဉ်မှုများ ပြုလာနိုင်ပါမည်။

## (ခ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု

ယခင်ကဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလတစ်ခုအတွင်း ကျွန်ုပ်တို့ကိုယ်တိုင် ထည့်ဝင်နိုင်သောငွေကြေး၊ အစိုးရနှင့် အခြားအဖွဲ့အစည်းများထံမှ ရရှိနိုင်မည့်အကူအညီများကို အခြေခံကာဦးစားပေးစီမံကိန်းများချမှတ်ခဲ့ကြပါသည်။ ယခုအခါ ယင်းသို့မဟုတ်ဘဲ ကျယ်ပြန့်သည့် ဖွံ့ဖြိုးရေးအမြင်ဖြင့် ရေးဆွဲထားပါသည်။ လူထုဦးဆောင်ပါဝင်သည့် လုပ်ကိုင်နည်းဖြစ်သောကြောင့် လူတိုင်းပါဝင်ခွင့်ရရှိပြီး အမြင်ရှင်းလင်းစေကာ ဖွံ့ဖြိုးမှုဖြစ်စဉ်တွင် လူထုကို အဓိကနေရာတွင် ထားရှိခြင်းဖြစ်ပါသည်။ ဤသို့ဖြင့် လုပ်ငန်းများကို လူထုပါဝင်၍ စုစည်းခြင်း၊ ဦးစားပေးရွေးချယ် ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာလူထု၏ ဖွံ့ဖြိုးမှုကို တိတိကျကျပံ့ပိုးပေးရာ ရောက်ပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်ကို အကောင်အထည်ဖော်ရာတွင် ပစ္စည်းအခက်အခဲ၊ ငွေကြေး အခက်အခဲ၊ နည်းပညာအခက်အခဲများ ရှိနေပါသည်။ သို့ဖြစ်၍ လက်တွေ့အကောင်အထည် ဖော်ရာတွင် ကျွန်ုပ်တို့ကျေးရွာ၏ ဖွံ့ဖြိုးရေးလိုအပ်ချက်များအား အများဆုံးနှင့် အထိရောက်ဆုံး ဖြည့်ဆည်းနိုင်မည့် စီမံကိန်းများကို နှစ်အလိုက် ဦးစားပေးရွေးချယ်ဆောင်ရွက်ပါမည်။ ကျွန်ုပ်တို့၏

| အကျိုးခံစားသူဦးရေ | လူဦးရေ | | | ဆင်းရဲချမ်းသာမှု အဆင့်အတန်း (အိမ်ခြေ) | | | | |
|---|---|---|---|---|---|---|---|---|
| | ကျား | မ | ပေါင်း | ၁ | ၂ | ၃ | ၄ | ပေါင်း |
| ကျေးရွာအဆင့် | | | | | | | | |
| အကျိုးခံစားမည့် ဦးရေ | | | | | | | | |
| မှတ်ချက်။ ချောင်လည်အဆင့်–၁၊ အလယ်အလတ်အဆင့် – ၂၊ ဆင်းရဲ – ၃၊ အလွန်ဆင်းရဲ –၄ | | | | | | | | |

**စီမံချက် အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ**

| |
|---|
| (၁) တာဝန်ယူအကောင်အထည်ဖော်မည့် အဖွဲ့အစည်း(များ)၊ အကောင်ထည်ဖော်မည့်စနစ် (ကော်မတီကိုယ်တိုင်၊ ကန်ထရိုက်ငှား) |
| (၂) စီမံချက်စတင်မည့် အချိန် ခန့်မှန်း |
| (၃) စီမံချက်ပြီးစီးမည့်အချိန် |
| (၄) ကျေးရွာထည့်ဝင်မှု ရရှိအောင် ဆောင်ရွက်မည့် အစီအစဉ် |
| (၅) လုပ်ငန်းလည်ပတ်ရေး၊ ပြုပြင်ထိန်းသိမ်းရေးတို့အတွက် အဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ |

## အပိုင်း (ခ)စီမံချက်ဆိုင်ရာ အချက်အလက်

**စီမံချက်အဆိုပြုလွှာ (သို့) စီမံချက်အကြောင်းအရာ (Project profile)**

| | |
|---|---|
| ကျေးရွာ | - |
| ကျေးရွာအုပ်စု | - |
| မြို့နယ် | - |
| တိုင်းဒေသကြီး / ပြည်နယ် | - |

စီမံချက်အမည် -

စီမံချက်ဆောင်ရွက်ရန် လိုအပ်ကြောင်း ရှင်းလင်းဖော်ပြချက် (သို့) လက်ရှိအခြေအနေ

စီမံချက်ရည်ရွယ်ချက်(လက်ရှိအခြေအနေအား ပိုကောင်းအောင်ဆောင်ရွက်လိုသည့် ဆန္ဒဖော်ပြရန်)

မျှော်မှန်းအကျိုးရလဒ် (လက်ငင်းရည်ရွယ်ချက် ရောက်ရှိပြီးနောက် ထပ်ဆင့်ရရှိလာမည့် အကျိုးကျေးဇူး များ)

စီမံချက်ဆိုင်ရာ အချက်အလက်ဖော်ပြခြင်း (ဘာလုပ်မည်၊ ဘယ်လောက် ပမာဏလုပ်ရမည်)

စီမံချက် ကုန်ကျစရိတ်ထည့်ဝင်မှု

| ခန့်မှန်းကုန်ကျစရိတ် (ကျပ်) | ထည့်ဝင်မည့် အစီအစဉ် |
|---|---|
| • ........................(ငွေသား) | • ကျေးလက်ဦးစီး |
| • ........................(ငွေသား) | • ကျေးရွာ |
| • ........................(ပစ္စည်း/လုပ်အား) | • ကျေးရွာ |
| • | • |

## ကိုးကားစာရင်း

၁။ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာန၏ ကျေးလက်ဒေသဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲခြင်း လမ်းညွှန်စာအုပ်၊ ၂၀၁၅၊မေ၊

၂။ မင်းဘူးမြို့နယ်၊ အင်ပင်လှကျေးရွာတွင် ၂၀၁၅ဇူလိုင်လတွင် ကျင်းပခဲ့သော ကျေးရွာ အခြေအနေကို ရွာသူရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းလုပ်ငန်းမှ မှတ်စုများ၊

၃။ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၏ ကျေးရွာဆိုင်ရာရည်ညွှန်းမှတ်တမ်းစာအုပ်၊

| ပြဿနာ | အကြောင်းအရင်း | ဖွံ့ဖြိုးရေးအတွက် အလားအလာကောင်းများ | အဟန့်အတားနှင့် စိန်ခေါ်မှုများ | ဖြေရှင်းရန်နည်းလမ်း | အဆိုပြုစီမံကိန်း |
|---|---|---|---|---|---|
| | အလမ်း နည်းပါးသည်။<br>• လူငယ်ဖွံ့ဖြိုးရေးအတွက် အားကစား၏အရေးပါမှုကိုအလေးထားမှုနည်းသည်။ | မှု ကောင်းသည်။ | ပါးခြင်း။<br>• အသက်မွေးပညာသင်ကြားရန် အဆက်အသွယ် နှင့် အရင်းအနှီးမရှိကြ။ | တည်ဆောက်၍ပုံမှန်ပြိုင်ပွဲများကျင်းပပေးခြင်း။ | • ဟောပြောပွဲများ။<br>• လူငယ်အသက်မွေးသင်တန်းများ။ |
| ❖ ကျေးရွာ အခြေခံ အဆောက်အဦးများ | | | | | |
| • ကုန်ထုတ်လမ်းနှင့် တံတားများမကောင်းသဖြင့် မိုးတွင်းသွားလာရာတွင် အခက်အခဲရှိသည်။ | • မြေသားလမ်းဖြစ်ခြင်း<br>• ထန်းသား တံတားမှာ အလွန် ဟောင်းနွမ်းပျက်စီးနေခြင်း။ | • ပွင့်ဖြူနှင့် ဖြတ်လမ်းရှိသည်။ ကုန်ထုတ်လမ်းနှင့် တံတားကောင်းပါက ခရီးပိုနီးလာမည်။ | • လမ်းပြုပြင်ရန်နှင့်တံတားဆောက်လုပ်ရန် အရင်းအနှီးမရှိ။ | • ကုန်ထုတ်လမ်းအဆင့်မြှင့်တင် ခြင်း | • ကုန်ထုတ်တံတား ဆောက်လုပ်ခြင်း<br>• ရွာတွင်းလမ်းနှင့်ကုန်ထုတ်လမ်း ပြုပြင်ခြင်း။ |
| ❖ လျှပ်စစ်စွမ်းအင် | | | | | |
| • ဆင်းရဲသားအိမ်ထောင်စုများ လျှပ်စစ်မီးလက်လှမ်းမမီသေး။ | • အချို့မိသားစုများဆင်းရဲသောကြောင့် လျှပ် စစ်မီးမီတာ တပ်ဆင်နိုင်ခြင်းမရှိ သေးပါ။ | • ကျေးရွာသို့ လျှပ်စစ်မီး တပ်ဆင်ပြီးဖြစ်သည်။ | • ဆင်းရဲသားမိသားစုများ လျှပ်စစ်မီးတပ်ဆင်ရန် အရင်းအနှီးမရှိ။ | • ငွေအရင်းအနှီးဖန်တီးပေး ခြင်း | • ဆင်းရဲသားအိမ်ထောင်စုများတွင်လျှပ်စစ်မီးတပ်ဆင်ခြင်း |
| ❖ သဘာဝ ဘေးအန္တရာယ် လျှော့ချခြင်း | | | | | |
| • သဘာဝဘေးအန္တရာယ်ကို ထိခိုက်မှုလျော့နည်းစေခြင်း။ | • နှစ်စဉ်နီးပါးသဘာဝဘေးအန္တရာယ် စိုက်ခင်းများ ရေကြီးနစ်မြုပ်ခြင်းကြုံတွေ့ရသည်။ | • သဘာဝ ဘေးအန္တရာယ်လျှော့ချရေးသင်တန်းများ၊ အရေးပေါ် စက်ကရိယာများကြိုတင်ထားရှိခြင်းဖြင့် သဘာဝဘေး ပေါ်ပေါက်လာပါ ကပျက်စီးဆုံးရှုံးမှု လျှော့နည်း သက်သာစေပါ သည်။ | • ငွေအရင်းအနှီး နှင့် နည်းပညာဗဟုသုတနည်းသည်။ | • အရင်းအနှီးနှင့်အဆက်အသွယ်များ ဖန်တီးပေးခြင်း | • သဘာဝဘေးအန္တရာယ်လျှော့ချရေးအဖွဲ့ ဖွဲ့စည်းခြင်းနှင့်လို အပ်သော စက်ကရိယာများ အဆင်သင့်ထားရှိခြင်း<br>• သဘာဝဘေးအန္တရာယ်လျှော့ချရေးသင်တန်း |

| ပြဿနာ | အကြောင်းအရင်း | ဖွံ့ဖြိုးရေးအတွက် အလားအလာကောင်းများ | အဟန့်အတားနှင့် စိန်ခေါ်မှုများ | ဖြေရှင်းရန်နည်းလမ်း | အဆိုပြုစီမံကိန်း |
|---|---|---|---|---|---|
| ❖ ကျန်းမာရေး | | | | | |
| • ကျန်းမာရေး အခြေခံ ဗဟုသုတ နည်းပါးခြင်း။ | • ဗဟုသုတ ဝန်ဆောင်မှု မရှိခြင်း။ | • ကျေးရွာအုပ်စုတွင် တာဝန်ကျ သားဖွါးဆရာမ ရှိသည်။<br>• ပုံမှန်ဝန်ဆောင်မှု ကောင်းစွာပေးနိုင်သည်။ | • နည်းပညာဝန်ဆောင်မှု ရရှိနိုင်သောဌာနနှင့် ဖွံ့ဖြိုးရေးအဖွဲ့အစည်းများဒေသတွင်း ရှိနေခြင်း | • နည်းပညာ ဗဟုသုတ များ ရရှိရန် အချိတ်အဆက် ပြုလုပ်ခြင်း | • အခြေခံကျန်းမာရေး သင်တန်းများ |
| ❖ ပညာရေး | | | | | |
| • ပညာရေးအဆောက်အဦးနှင့် ပရိဘောဂပြည့်စုံလုံလောက်မှုမရှိ။ | • ကျောင်းဆောင်လုံလောက်မှုမရှိသေး။<br>• ကျောင်းဝင်း ခြံစည်းရိုးမကောင်းသဖြင့် လုံခြုံမှုနည်းသည်။<br>• ကျောင်းစာကြည့်ဘိုက် နေရာ သီးသန့် မရှိ။ စာအုပ်၊မာလတီမီဒီယာ အခန်းပစ္စည်းလုံလောက်မှုမရှိ။<br>• မြို့ကျောင်းတက်ရန် အခက် ခဲရှိခြင်း | • ဆောက်လုပ်ရေးနှင့်ပါတ်သက် သောဒေသထွက်သဲ၊ကျောက်၊ လုပ်အားရှိသည်။<br>• ကျေးရွာ ပူးပေါင်း ပါဝင်မှု ကောင်းသည်။<br>• စာကြည့်တိုက် အသက်ဝင် လှုပ်ရှားမှုကောင်းသည်။ | • ပညာရေးရန်ပုံငွေအရင်းအနှီး မလုံလောက်ခြင်း။ | • ငွေကြေးအကူအညီများ ရရှိနိုင်ရန် ချိတ်ဆက် ဆောင်ရွက်ခြင်း | • စာသင်ကျောင်းပြုပြင်ခြင်း နှင့် ခြံစည်းရိုးကာရံခြင်း<br>• ကျောင်းခြံစည်းရိုးဆောက်လုပ်ခြင်း။<br>• ကျောင်းသုံးပရိဘောဂနှင့် သင်ထောက်ကူပစ္စည်း<br>• ကျောင်းစာကြည့်တိုက် ဆောက်လုပ်ခြင်း၊စာအုပ်နှင့်မာလတီမီဒီယာပစ္စည်းများ ဖြည့်ဆီးခြင်း။ |
| ❖ ယဉ်ကျေးမှု၊ လူငယ်နှင့် အားကစား | | | | | |
| • လူငယ်ကဏ္ဍ ဖွံ့ဖြိုးမှုနည်းသည်။ | • လေ့လာသင်ယူရန် အခွင့်အလမ်းနည်းသည်။<br>• အတန်းပညာတတ်နည်းပါးခြင်းနှင့် အသက်မွေးပညာ ကျွမ်းကျင်မှု အားနည်းသည်။<br>• အလုပ် အကိုင် အခွင့် | • လူငယ်များ အားကစားနှင့် အသက်မွေးလုပ်ငန်းများစိတ်ဝင်စားမှုရှိသည်။<br>• ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများတွင် တက်ကြွစွာ ပါဝင်ကြသည်။<br>• ရိုးရာအနုပညာကိုထိန်းသိမ်း | • ကျေးရွာ အားကစားကွင်းသီးခြားမရှိ။<br>• ရိုးရာ အိုးစည်၊ ဒိုးပတ်တီးဝိုင်း၊ ခေတ်ပေါ် တီးဝိုင်းနှင့် ပြဇာတ်ပစ္စည်း ပြည့်စုံမှုမရှိ။<br>• အတန်း ပညာတတ် နည်း | • အဆက်အသွယ်နှင့် အရင်းအနှီးများရရှိရန်ဖန်တီးပေးခြင်း<br>• လူငယ်ဖွံ့ဖြိုးတိုးတက်ရေး စီအစဉ်များ ရေးဆွဲ အကောင်အထည်ဖေါ်ခြင်း။<br>• အားကစားကွင်းသတ်မှတ် | • လူငယ်နှင့်ယဉ်ကျေးမှုအဖွဲ့ ထူထောင်ခြင်း (ရိုးရာ၊တီးဝိုင်း၊ဆို၊က၊ရေး၊တီး)အဖွဲ့<br>• ကျေးရွာအားကစားကွင်း သတ်မှတ် တည်ဆောက်ရေးနှင့် အားကစားပစ္စည်းဖြည့်ဆီးခြင်း။ |

| ပြဿနာ | အကြောင်းအရင်း | ဖွံ့ဖြိုးရေးအတွက် အလားအလာကောင်းများ | အဟန့်အတားနှင့် စိန်ခေါ်မှုများ | ဖြေရှင်းရန်နည်းလမ်း | အဆိုပြုစီမံကိန်း |
|---|---|---|---|---|---|
| • ငါးလုပ်ငန်းမှ ထုတ်လုပ်မှုနှင့် ဝင်ငွေနည်းခြင်း။ | • ပါတ်ဝန်းကျင်ရွာများတွင် ငါးကန် ထူထောင်ကြသော်လည်းမိမိတို့ကျေးရွာတွင် အတွေ့အကြုံ မရှိခြင်း။ | • ရေမြေ၊ ရာသီဥတုနှင့် ငါးလုပ်ငန်း ဦးစီးဌာနရှိသည်။<br>• တောင်သူအချို့ စိတ်ဝင်စားမှု ရှိသည်။<br>• ဈေးကွက်ကောင်းသည်။<br>• လမ်းပန်းဆက်သွယ်ရေး ကောင်းသည်။ | • အဆက်အသွယ်နှင့်အတွေ့ အကြုံနည်းသည်။ | • ငါးမျိုးရရန်အဆက်အသွယ် ဖန်တီးပေးခြင်း။ | • တိရိစ္ဆာန်ကုသရေးဆိုင်ရာ ဝန်ဆောင်မှုနှင့် နည်းပညာများ ပံ့ပိုး ပေးခြင်း။<br>• ငါးကန်ထူထောင်ခြင်း။ |
| **❖ လယ်ယာလုပ်ငန်းမဟုတ်သော ဝင်ငွေတိုးလုပ်ငန်းများ** | | | | | |
| • လယ်ယာ လုပ်ငန်း မဟုတ်သော ဝင်ငွေတိုး လုပ်ငန်းမှ ဝင်ငွေနည်းပါးခြင်းနှင့်အလုပ်အကိုင်အခွင့်အလမ်းနည်းပါးသည်။ | • အသက်မွေးဝမ်းလုပ်ငန်း ကျွမ်းကျင်မှုအားနည်းသည်။<br>• မြို့တက်၍သင်တန်းများ ရယူရန် နေထိုင်ရေး၊ စားစရိတ်များမတတ်နိုင်ခြင်း။<br>• အရင်းအနှီး မတတ်နိုင်ခြင်း။ | • ဈေးကွက်ကျယ်ပြန့်သည်။<br>• ဒေသထွက် ကုန်ကြမ်း အလုံအလောက်ရှိသည်။<br>• လမ်းပန်း ဆက်သွယ်မှု ကောင်း မွန်သည်။<br>• ဝန်ဆောင်မှု ဈေးကွက် လည်း ရှိသည်။ | • အသက်မွေးဝမ်းကျောင်းမှု လုပ်ငန်းကျွမ်းကျင်မှု တိုးတက်ရေးအတွက် စီမံကိန်း များမရှိခြင်း၊<br>• လေ့လာသင်ယူရန်အဆက်အသွယ်၊ အရင်းအနှီးမရှိ။ | • ဝင်ငွေရ လုပ်ငန်းများ တိုးတက်လုပ်ကိုင်နိုင်မည့် ပတ်ဝန်းကျင် အခြေအနေ ဖန်တီးခြင်း<br>• လက်ရှိပုဂ္ဂလိက လုပ်ငန်းများအား မြှင့်တင်ပေးခြင်း။<br>• အချိတ်အဆက်နှင့် အဆက်အသွယ်များဖန်တီးပေးခြင်း။<br>  ○ ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှု<br>  ○ နည်းပညာနှင့် ငွေကြေးဝန်ဆောင်မှုများ | • အသက်မွေးဝမ်းကျောင်းမှု လုပ်ငန်း ကျွမ်းကျင်မှု တိုးတက်ရေး သင်တန်းများ။<br>  ○ မုန့်ဖျော်ရည်သင်တန်း<br>  ○ ဝပ်ရှော့၊စက်ပြင်<br>  ○ စက်ချုပ်၊ဒီဖိုင်းနာ<br>  ○ စက်ကြီးယဉ်မောင်း<br>  ○ အနုပညာ(ဂီတာတီး၊ အဆို) စသည်။<br>• လက်ရှိပဲကြော်ဖိုလုပ်ငန်းအား မြှင့်တင်ပေးခြင်း။<br>• ရံပုံငွေအရင်းအနှီး ထူထောင်ခြင်း။ |

| ပြဿနာ | အကြောင်းအရင်း | ဖွံ့ဖြိုးရေးအတွက် အလားအလာကောင်းများ | အဟန့်အတားနှင့် စိန်ခေါ်မှုများ | ဖြေရှင်းရန်နည်းလမ်း | အဆိုပြုစီမံကိန်း |
|---|---|---|---|---|---|
| စိုက်ပျိုးရေးနည်းပညာ အားနည်းခြင်း | • စိုက်ပျိုးရေးနည်းပညာ ဝန်ဆောင်မှု အားနည်း နေသေးခြင်း | • စိုက်ပျိုးရေးဌာနနှင့် စိုက်ပျိုးရေးကုမ္ပဏီများ၏ နည်းပညာဝန်ဆောင်မှုများကို အလွယ်တကူရရှိနိုင်သည်။ တောင်သူများမှလည်းစိတ်ဝင်စားမှုရှိသည်။ | • ကုမ္ပဏီများ၏ နည်းပညာ ဝန်ဆောင်မှုမှာ နည်းပညာ ပံ့ပိုးပေးခြင်းထက်အရောင်း မြှင့်တင်ရေးကိုသာ ဦးစား ပေးဆောင်ရွက်ကြသည်။ | • စိုက်ပျိုးရေးနည်းပညာများ ရရှိစေရန် အခြေအနေ ကောင်းများဖန်တီးပေးခြင်း။<br>• နည်းပညာလိုအပ်ချက်များ ကို ဖေါ်ထုတ်ခြင်း။ | • စိုက်ပျိုးရေးနည်းပညာများ ပံ့ပိုးမှု ရယူခြင်း |
| လယ်စပါးစိုက်ပျိုးထုတ်လုပ် နိုင်မှုနည်းလျော့နည်းခြင်း | • သီးထပ် စိုက်ပျိုး စနစ်ကြောင့် လုပ်သား နှင့် လယ်ယာသုံးစက်ကရိယာ လုံလောက်မှုမရှိ။<br>• ယခုလက်ရှိစပါးထက် ဈေးကွက်ဝင်၊ ထွက်နှုန်းကောင်း၊ အရည်အသွေး ကောင်းသော စပါးမျိုး လိုအပ်သည်။ | • လယ်ယာသုံးစက်ကရိယာ ကုမ္ပဏီများ၊ ဝန်ဆောင်မှု ဘဏ်များ နှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း<br>• စိုက်ပျိုးရေး ဌာနနှင့် ဆက်သွယ်၍ ဒေသနှင့် ကိုက်ညီသော ဈေးကွက်ဝင် စပါးမျိုးများကို စုဆောင်းခြင်း။ | • တောင်သူများ နှင့် ဌာနဆိုင်ရာများ၊ ပုဂ္ဂလိက ကုမ္ပဏီများ ချိတ်ဆက် ဆောင်ရွက်မှု အားနည်း ခြင်း။ | • လယ်ယာသုံးစက်ကရိယာ များ အရစ်ကျ စနစ်ဖြင့် ဝယ်ယူရရှိနိုင်ရန် အစိုးရ မူဝါဒများဖြင့် ဆောင်ရွက် ခြင်း၊ စပါးမျိုးကောင်း မျိုးသန့်များ ရရှိရန် ဌာနဆိုင်ရာနှင့် ချိတ်ဆက် ဆောင်ရွက်ပေးခြင်း။ | • လယ်ယာသုံးစက်ကရိယာ များကို အရစ်ကျ ဝယ်ယူခြင်း။<br>• စပါးမျိုးကောင်းမျိုးသန့် များ ရှာဖွေစုဆောင်းခြင်း။ |

❖ **တိရိစ္ဆာန်မွေးမြူရေး**

| ပြဿနာ | အကြောင်းအရင်း | ဖွံ့ဖြိုးရေးအတွက် အလားအလာကောင်းများ | အဟန့်အတားနှင့် စိန်ခေါ်မှုများ | ဖြေရှင်းရန်နည်းလမ်း | အဆိုပြုစီမံကိန်း |
|---|---|---|---|---|---|
| • မွေးမြူရေးမှဝင်ငွေနည်းပြီး စီးပွါးဖြစ် မမွေးမြူနိုင် ခြင်း | • မွေးမြူရေးလုပ်ငန်းဆောင်ရွက်ရန်ရင်းနှီးငွေမတတ်နိုင်ခြင်း။<br>• မျိုးကောင်းမျိုးသန့်များ ကိုလက်လှမ်းမမီနိုင်ခြင်း (နွားသိုးနွားရှေနီမျိုးနှင့် ဝက်သိုးမျိုး စသည်)။<br>• ဆေးဝါးလုံလောက်မှုမရှိ။<br>• တိရိစ္ဆာန်ထွက်ကုန်များ ရောင်းချရာတွင်ဈေးနှိမ် ခံရခြင်း။ | • အိမ်မွေးတိရစ္ဆာန်မွေးမြူရန် မြေနေရာအစာနှင့်ရေရရှိခြင်း<br>• နွားနှင့် ဆိတ်မွေးမြူရန် စားကျက်များစွာရှိခြင်း၊ နွားကို ခိုင်းနွားသားပေါက်ရောင်းရန်နှင့် နို့ထုတ်ရန် နွားအုပ်ကို သီးသန့် မွေးမြူသူ (၁၀) ဦး ခန့်ရှိသည်။<br>• ဈေးကွက် အလုံအလောက်ရှိ သည်။ | • နည်းပညာနှင့်ငွေကြေးဝန် ဆောင်မှုများရရှိရေး အစီအစဉ်နှင့်အချိတ်အဆက် လိုအပ်သည်။<br>• ရောင်းချခွင့် လိုင်စင် နှင့် ပါတ်သက်၍မူဝါဒ လိုအပ်သည်။<br>• မျိုးကောင်းမျိုးသန့် လက်လှမ်းမမီနိုင်ခြင်း | • တိရစ္ဆာန်မွေးမြူထုတ်လုပ်မှုစနစ် တိုးတက်ရန် အခြေနေကောင်းများဖန်တီး ပေးခြင်း–<br>○ ငွေကြေးဝန်ဆောင်မှု လက်လှမ်းမီရေး<br>○ နည်းပညာဝန်ဆောင်မှု လက်လှမ်းမီရေး<br>○ ဈေးကွက်<br>○ မျိုးကောင်းမျိုးသန့် | • နို့စားနွား မွေးမြူခြင်း။<br>• နို့စားနွားစံပြစီမံသပ်မွေးမြူ ခြင်း။<br>• နွားမျိုးကောင်းမျိုးသန့် (နွားရှေနီ နွားသိုး) မွေးမြူခြင်း။<br>• ခိုင်းနွားထူထောင်ခြင်း။<br>• ဝက်၊ဆိတ် မွေးမြူခြင်း။<br>• ဝက်သိုးမွေးမြူခြင်း။<br>• တိကုဆေးကရိယာထူ ထောင်ခြင်း။ |

နောက်ဆက်တွဲ (၃)

ဖွံ့ဖြိုးရေးကွင်းဆက်–ပြဿနာများအား ဆန်းစစ်လေ့လာခြင်းမှသည် ဖြစ်နိုင်ခြေရှိသည့် ဖြေရှင်းနည်းဆီသို့

ကံသာကြီးကျေးရွာ၊ စံပြကျေးရွာအုပ်စု၊ပွင့်ဖြူမြို့နယ်၊ မကွေးတိုင်း

| ပြဿနာ | အကြောင်းအရင်း | ဖွံ့ဖြိုးရေးအတွက် အလားအလာကောင်းများ | အဟန့်အတားနှင့် စိန်ခေါ်မှုများ | ဖြေရှင်းရန်နည်းလမ်း | အဆိုပြုစီမံကိန်း |
|---|---|---|---|---|---|
| ❖ အဖွဲ့အစည်းဆိုင်ရာ စနစ် | | | | | |
| • ဆည်မြောင်း၊စာသင်ကျောင်း၊တံတားစသည့် ကျေးရွာပိုင်ဆောက်အဦးများစနစ်တကျတာဝန်ယူပြုပြင်ထိန်းသိမ်းမည့်အဖွဲ့အစည်းမရှိခြင်း။<br>• အစိုးရနှင့် အခြားအစိုးရမဟုတ်သော အဖွဲ့များမှဦးဆောင်ဖွဲ့စည်းခဲ့သောငွေစုငွေချေးအဖွဲ့၊ လှည့်ပတ်ရံပုံငွေအဖွဲ့စသည့် ကဏ္ဍတစ်ခုအတွက်ဦးတည်သော အဖွဲ့များရှိပြီး ကဏ္ဍစုံ လွှမ်းခြုံဆောင်ရွက်မည့်အဖွဲ့မရှိခြင်း | • ကျေးရွာအနေဖြင့်ဘက်စုံဖွံ့ဖြိုးရေးပုံစံဖြင့်စီမံကိန်းရေးဆွဲ အကောင်ထည်ဖော်သည့် အလေ့အကျင့်မရှိသေးခြင်း | • နိုင်ငံတော်အစိုးရ အစီစဉ်၊ NGOများ၏ ဖွံ့ဖြိုးရေးအစီအစဉ်တို့ကြောင့်ကျေးရွာလူထုတွင် အစုအဖွဲ့စနစ်၊ စုဝေးတိုင်ပင်သည့်အလေ့အကျင့် များရှိနေခြင်း | • ကျေးရွာရှိအဖွဲ့အစည်းများဖွံ့ဖြိုးရေးအတွက် စဉ်ဆက်မပြတ်အကူအညီပေးရေးစနစ်မရှိသေးခြင်း | • ကျေးရွာရှိအဖွဲ့အစည်းများ ဖွံ့ဖြိုးရေးအတွက် စဉ်ဆက်မပြတ်အကူအညီပေးရေးစနစ် ရေးဆွဲအကောင်ထည်ဖော်ခြင်း<br>• ကျေးရွာတွင် ကဏ္ဍစုံအမြင်ဖြင့် ဦးဆောင်မည့် အဖွဲ့အစည်းပုံစံ တည်ဆောက်ခြင်း၊<br>• အဖွဲ့အစည်းဆိုင်ရာ စီမံခန့်ခွဲမှုစွမ်းရည် မြှင့်တင်ခြင်း | • အဖွဲ့အစည်းဆိုင်ရာ စီမံခန့်ခွဲမှုသင်တန်း<br>• စီမံကိန်းရေးဆွဲနည်းနှင့်အကောင်ထည်ဖော်နည်းသင်တန်း<br>• ခေါင်းဆောင်မှုစွမ်းရည်သင်တန်း |
| ❖ စိုက်ပျိုးရေး | | | | | |
| အိမ်ခြံဝင်း သီးနှံနှင့် ဆောင်းသီးနှံစိုက်ပျိုးခြင်းမှ ဝင်ငွေရရှိမှုနည်းခြင်း။ | • အိမ်ခြံဝင်း သီးနှံနှင့် ဆောင်း သီးနှံများကိုစနစ်တကျ မစိုက်ပျိုးနိုင်ခြင်းနှင့် မျိုးကောင်းမျိုးသန့် လက်လှမ်းမမီနိုင်ခြင်း | • ရေ၊ မြေ၊ ရာသီဥတု နှင့် ဈေးကွက် အလုံအလောက်ရှိသည်။ ဈေးကွက်နှင့် နီးပြီးလမ်းပန်း ဆက်သွယ်ရေးကောင်းသည်။ | • မျိုးကောင်းမျိုးသန့်နှင့်အရင်းအနှီး လက်လှမ်းမီရန်လိုအပ်သည်။ | • မျိုးကောင်းမျိုးသန့်နှင့်အရင်းအနှီးလက်လှမ်းမီရန်ဖန်တီး ပေးခြင်း | • အိမ်ခြံဝင်းသီးနှံနှင့်ဆောင်းသီးနှံစိုက်ပျိုးခြင်း။ |

| အဟန့်အတားများ၊ စိန်ခေါ်မှုများ | ရှင်းလင်းဖော်ပြချက် |
|---|---|
| **<u>ယဉ်ကျေးမှု၊ လူငယ်နှင့် အားကစား</u>** | |
| • အားကစားနှင့် ပါတ်သက်သော ပစ္စည်းများ ပြည့်စုံမှုမရှိ။<br>• လူငယ်များ အသက်မွေးဝမ်းလုပ်ငန်းများ ကျွမ်းကျင်မှုနည်းပြီး အလုပ်အကိုင် အခွင့်အလမ်းနည်းပါးသည်။<br>• လူငယ်တီးဝိုင်း တူရိယာပြည့်စုံမှုမရှိ။ ခေတ်မီခြင်းမရှိသေးပါ။ | • အားကစားပစ္စည်းများ ပြည့်စုံမှုမရှိသောကြောင့် လူငယ်များ အားကစားဖွံ့ဖြိုးမှု အားနည်းနေသည်။<br>• အသက်မွေးလုပ်ငန်းများနှင့် အင်္ဂလိပ်စာ၊ ကွန်ပျူတာ ကျွမ်းကျင်မှုအားနည်းခြင်း၊ အဆက်အသွယ် မရှိခြင်းကြောင့် လူငယ်များအနေဖြင့် သင့်တော်သော အလုပ်အကိုင် ရရှိရန် အခွင့်အလမ်း နည်းပါးသည်။<br>• လူငယ်ရိုးရာယဉ်ကျေးမှုအဆို၊ အက တီးဝိုင်း၊ ဇာတ်သဘင်အဖွဲ့ရှိသော် လည်း တူရိယာပြည့်စုံခြင်းနှင့် ခေတ်မီခြင်းမရှိသေးပါ။ |
| **<u>ကျေးရွာအတွင်းရှိအခြေခံအဆောက်အဦးများ</u>** | |
| • ကျေးရွာကုန်ထုတ်လမ်းနှင့် တံတားများ ပြည့်စုံလုံလောက်မှု မရှိသေးပါ။ ပြုပြင်ရန် ငွေကြေးမတတ်နိုင်ကြပါ။ | • လက်ရှိကျေးရွာ ကုန်ထုတ်လမ်းများမှာလည်း မြေသာလမ်းများဖြစ်ခြင်း၊ တံတားမှာလည်းသစ်သား တံတားဖြစ်သဖြင့် နှစ်စဉ်ပြုပြင်ရန် မတတ်နိုင်ခြင်း၊ သစ်ရှားပါးခြင်းနှင့် တနှစ်ပါတ်လုံးအသုံးပြုနေကြသော် လည်း မိုးရာသီတွင် သွားလာရန် အခက်အခဲရှိသည်။<br>• ကျေးရွာတွင် လျှပ်စစ်မီး တပ်ဆင်ထားပြီးဖြစ်သော် လည်း ဆင်းရဲသောမိသားစုများ မီတာတပ်ဆင်အသုံး ပြုရန် ကုန်ကျစရိတ်မတတ်နိုင်သောကြောင့် ဆင်းရဲ အိမ်ထောင် ၁၅၀ ခန့်မှာ လျှပ်စစ်မီး လက်လှမ်းမီနိုင် ခြင်း မရှိသေးပါ။ |
| **<u>လျှပ်စစ်ဓာတ်အားသုံးစွဲ ရေး</u>** | |
| • ကျေးရွာတွင် လျှပ်စစ်မီး တပ်ဆင်ပြီးဖြစ်သော်လည်း ဆင်းရဲသားမိသားစု ၁၅၀ ခန့်မှာ မီတာတပ်ဆင်မှု ကုန်ကျစရိတ် မတတ်နိုင်သောကြောင့် လျှပ်စစ်မီး လက်လှမ်းမီနိုင်ခြင်း မရှိ သေးပါ။ | |

| အပယန့်အတားများ၊ စိန်ခေါ်မှုများ | ရှင်းလင်းဖော်ပြချက် |
| --- | --- |
| <u>မွေးမြူရေး</u> | • မွေးမြူရေးချေးငွေမရရှိနိုင်ခြင်း။<br>• တိရစ္ဆာန်များတွင် နှစ်စဉ်ကျရောက်သော ရာသီရောဂါ<br>• တိရစ္ဆာန်များတွင် နှစ်စဉ်ကျရောက်သော ရာသီရောဂါ များကို တိမွေးကုဦးစီးဌာနမှ အချိန်မီကာ ကွယ်ခြင်း၊ ကုသခြင်း၊ နည်းပညာဗဟုသုတများ မရရှိသဖြင့် များစွာ ဆုံးရှုံးမှုရှိသည်။ ဝက်သားပေါက်ပါက အသေပျောက် များသည်။ မပြုစုတတ်။<br>• နို့စားနွား၊ ကြက်၊ ဘဲ စီးပွါးဖြစ်မွေးမြူရန် အစာ၊ လုပ်အား၊ ဈေးကွက်ရှိသော်လည်း နည်းပညာနှင့် အတွေ့အကြုံမရှိ။ အရင်းအနှီး လည်းမရှိကြပါ။<br>• အသားရောင်းချခွင့် လိုင်စင်မရှိခြင်း၊ လိုင်စင်ရရန် ခက်ခဲခြင်းတို့ကြောင့် ရောင်းချရာတွင် လိုင်စင် ရှိသူများ၏ ခေါင်းပုံဖြတ်မှုကို ခံကြရသည်။ |
| <u>အခြားစီးပွားရေးလုပ်ငန်းများ</u><br>• အလုပ်အကိုင် အခွင့်အလမ်း နည်းပါးခြင်း။ | • တောင်ယာ လုပ်ငန်းမှလွဲ၍ အခြားအသက်မွေးဝမ်း လုပ်ငန်းများ ကျွမ်းကျင်မှု အားနည်းခြင်း။<br>• ပုံမှန်အလုပ်မရှိ။<br>• ပြင်ပနှင့် အဆက်အသွယ် နည်းပါးခြင်း။ |
| • လုပ်ငန်းအရင်းအနှီး လုံလောက်မှု မရှိခြင်း | • စိုက်ပျိုးရေးထွက်ကုန် အခြေပြု ကုန်ထုတ်လုပ်မှုလုပ်ငန်းနှင့် ဝန်ဆောင်မှုလုပ်ငန်းများ ဖွံ့ဖြိုးမှု မရှိခြင်း<br>• မြေယာမဲ့နှင့် ဆင်းရဲသား မိသားစုများအတွက် ချေးငွေ လက်လှမ်းမမီခြင်း၊ အတိုးနှုန်းမြင့်မားခြင်း |
| <u>ပညာရေး</u><br>• မူလတန်းပညာ ပြီးဆုံးသော်လည်း ဘွဲ့ရပညာတတ် နည်းပါးနေသေးသည်။<br>• လက်ရှိကျောင်းဆောင်တဆောင်နှင့် ကျောင်းခြံစည်းရိုးမှာ ဟောင်းနွမ်းပျက်စီးနေ သော်လည်း အသစ်ဆောက်လုပ်ရန် ပညာရေးရံပုံငွေနှင့် အကူအညီ မရရှိနိုင်ခြင်း။<br>• သင်ထောက်ကူ ပစ္စည်း လုံလောက်မှုမရှိပါ။ မာတီမီဒီယာသင်ထောက်ပစ္စည်းလည်း ပြည့်စုံမှုမရှိ။<br>• ကျောင်းစာကြည့်တိုက် ရှိသော်လည်း နေရာအခန်းသီးသန့်မရှိ သောကြောင့် အခက်အခဲများစွာရှိသည်။ | • မိဘများမှ ဆင်းရဲသောကြောင့် အထက်တန်းနှင့် တက္ကသိုလ်သို့ ကျောင်းဆက် မထားနိုင်ကြပါ။<br>• လက်ရှိကျောင်းနှင့် ခြံစည်းရိုးမှာ ဟောင်းနွမ်းပျက်စီးနေသဖြင့် ပညာ သင်ကြားရေးအတွက်လုံခြုံမှုအားနည်းနေသည်။<br>• သင်ထောက်ကူပစ္စည်း များလည်း ပြည့်စုံလုံလောက်မှု မရှိသောကြောင့် သင် ကြားရေး အားနည်းမှုရှိသည်။<br>• စာကြည့်တိုက်ရှိသော်လည်းစာဖတ်ရန်နေရာလုံလောက်မှုမရှိ။ စာအုပ်စာတမ်း ပြည့်စုံမှုမရှိပါ။ |
| <u>ကျန်းမာရေး</u><br>• ကျန်းမာရေးဗဟုသုတ နည်းပါးခြင်း။ | • ဆင်းရဲသား မိသားစုများမှာ ကျန်းမာရေးဗဟုသုတ နည်းပါးနေသေးသဖြင့် ကျန်းမာရေးကုန်ကျမှု များ သည်။ |

# အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့်လုပ်ငန်းစဉ်

## (၁) နိဒါန်း- ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု

## (က) ရည်ရွယ်ချက်နှင့် ကျိုးကြောင်း ဖော်ပြချက်

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်သည်အစိုးရဌာနများ၊ ပြည်တွင်း/ ပြည်ပအဖွဲ့အစည်းများ၏ နိုင်ငံအတွင်း ဆောင်ရွက်ခဲ့ပြီးသော ဖွံ့ဖြိုးရေးလုပ်ငန်းအတွေ့အကြုံများကို လေ့လာသုံးသပ်ပြီး တစ်နိုင်ငံလုံး ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ ရေးဆွဲအကောင်ထည်ဖော်မည့် အစီအစဉ်သစ်ဖြစ်ကြောင်း သိရှိရပါသည်။

ကျွန်ုပ်တို့၏ ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို နိုင်ငံတော်၏ အကူအညီဖြင့် ရေးဆွဲရာတွင် ကျေးရွာလူကိုယ်တိုင် တက်ကြွစွာပါဝင်၍ ရေးဆွဲခဲ့ပါသည်။ ယခင်က ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရေး အတွေ့အကြုံမရှိခဲ့ပါ။ ဤအစီအစဉ် ရေးဆွဲပြီးနောက် ကျေးရွာ၏ ဖွံ့ဖြိုးရေးဆိုင်ရာ ကိန်းဂဏန်း၊ သတင်းအချက်အလက်များ ပြုစုရန် အရေးကြီးပုံကို အလေးထားမိလာကြပါသည်။ ထို့အပြင်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး၊ ဌာနဆိုင်ရာများစသည်တို့ထံမှ လိုအပ်သော ကိန်းဂဏန်း၊ သတင်းအချက်အလက်များ ရယူရန်နှင့်ကျွန်ုပ်တို့၏ ကျေးရွာစီမံကိန်း အကောင်ထည်ဖော်ရန် လိုအပ်သော နည်းပညာများရရှိရန် အရေးကြီးကြောင်းကိုပါ သတိပြုမိသည်။

ဤအစီအစဉ်တွင် ကျေးရွာ၏ လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ ကြုံတွေ့နေရသော ပြဿနာများ၊ ထိုပြဿနာများဖြစ်ရသည့် အရင်းခံအချက်များ၊ ဖွံ့ဖြိုးရေးကို အပံ့အပိုးဖြစ်စေသော အချက်များနှင့် အဟန့်အတားဖြစ်စေသောအချက်များ၊ (၅)နှစ်တာကာလအပြီးတွင် ရရှိအောင်ဆောင်ရွက်လိုသည့် ရည်မှန်းချက်များ၊ ထိုရည်မှန်းချက်များရရှိရန် ကျွန်ုပ်တို့ကျေးရွာအနေနှင့် ဆောင်ရွက်မည့် နည်းဗျူဟာများ၊ စီမံချက်များကို ရှင်းရှင်းလင်းလင်းဖော်ပြထားပါသည်။ ထို့ပြင် ဦးစားပေးလုပ်ငန်းများ ပုပ်ဆောင်ရန် လိုအပ်သောအရာများနှင့် ငွေကြေးရရှိနိုင်မည့် လမ်းကြောင်းများကိုလည်း ဖော်ပြထားပါသည့်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သော အစိုးရဌာနများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ အရပ်ဖက် လူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ၊ ဘဏ်များ၊ စာပေပညာရှင်များ၊ သတင်းနှင့် ပြည်သူ့ဆက်သွယ်ရေးအဖွဲ့အစည်းများ၏ အာရုံစိုက်မှုကိုရစေပြီးကျေးရွာဖွံ့ဖြိုးရေးနှင့် ပတ်သက်သူ မှန်သမျှတို့သည် ဤအစီအစဉ်မှတ်တမ်း၏ အသုံးဝင်မှုများကို သိရှိစေရန် မျှော်လင့်ပါသည်။

### နိုင်ငံတော်အစိုးရအဖွဲ့များအတွက် အသုံးဝင်မှု

ကျွန်ုပ်တို့၏ ကျေးရွာအဆင့် အားထုတ်မှုများအတွက် မူဝါဒနှင့်ဖွံ့ဖြိုးရေးဆိုင်ရာ အကူအညီများကိုစုစည်း ဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေးစီမံချက်ကို မြို့နယ်အဆင့်၊ ပြည်နယ်နှင့် တိုင်းအဆင့်၊ ပြည်ထောင်စုအဆင့် အစိုးရအဖွဲ့အစည်းများအား တင်ပြမည်ဖြစ်ပါသည်။ ပုဂ္ဂလိကကဏ္ဍအဖွဲ့များအတွက် အသုံးဝင်မှုများအနေဖြင့် ကျေးရွာလူထု၏လိုလားချက်နှင့် ၎င်းတို့၏ စီးပွားရေး

| အလားအလာများ | ရှင်းလင်းဖော်ပြချက် |
|---|---|
| ကျေးရွာတွင်းအ ခြေခံအဆောက်အဦး လျှပ်စစ်မီးရရှိမှု | လည်း တက်ကြွစွာ ပါဝင်လှုပ်ရှားကြသည်။<br>• ရိုးရာတီးဝိုင်းနှင့် သဘင်ပညာသည်၊ အနုပညာရှင် အချို့ ရှိသည်။<br>• လမ်းကောင်းမွန်ပြီး တနှစ်ပါတ်လုံး၊ အချိန်မရွေး၊ ရာသီမရွေး၊ ယဉ်မျိုးစုံ သွားလာနိုင်သည်။<br>• လျှပ်စစ်မီး လက်လှမ်းမီသည်။ |

ဇယား (၄၄) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဟန့်အတားနှင့်ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှု များ

| အဟန့်အတားများ၊ စိန်ခေါ်မှုများ | ရှင်းလင်းဖော်ပြချက် |
|---|---|
| <u>အဖွဲ့အစည်းဆိုင်ရာကဏ္ဍ</u> | |
| | • ကျေးရွာဖွံ့ဖြိုးရေးကို စီမံချက်ဖြင့် စနစ်တကျ ဆောင်ရွက်သည့် အစီအစဉ်မရှိခဲ့ခြင်း၊<br>• အဖွဲ့အစည်း ဆိုင်ရာ သဘောတရားများအား သိကျွမ်းမှု အားနည်းခြင်း၊<br>• ဦးဆောင်မည့် အဖွဲ့အစည်း မရှိသေးခြင်း။ |
| <u>စိုက်ပျိုးရေး (သီးနှံ)</u> | |
| | • စိုက်ပျိုးမြေတိုးချဲ့ရန် မြေနေရာမရှိတော့ပါ။<br>• သွင်းအားစုများ အသုံးပြုရန် အရင်းအနှီး လုံလောက်မှုမရှိ။ စိုက်ပျိုးစရိတ် ဈေးငွေလုံလောက်မှုမရှိ အချိန်မီ ဈေးငွေမရကြပါ။ ပြန်ဆပ်ချိန် စည်းကမ်းတင်းကြပ်လွန်းသည်။<br>• ရောဂါနှင့် ဖျက်ပိုးများကို ထိရောက်စွာ ကာကွယ်နှိမ်နှင်းနိုင်ခြင်း မရှိ။ လုံလောက်သော နည်းပညာ ဝန်ဆောင်မှု မရကြပါ။<br>• လက်ရှိ စပါးမျိုးများမှာ ထွက်နှုန်းကောင်းသော်လည်း ဈေးကွက် လူကြိုက်နည်းသည်။ ဈေးကောင်းမရကြပါ။<br>• လုပ်အားလုံလောက်မှုမရှိကြပါ။ |

| အလားအလာများ | ရှင်းလင်းဖော်ပြချက် |
|---|---|
| ဌာနတို့မှ ရရှိနိုင်သည်။<br>• မွေးမြူရေးဆေးဝါးများကို အလွယ်တကူ ဝယ်ယူ ရရှိနိုင်သည်။ | • မွေးမြူရေးဆေးဝါးများကို အလွယ်တကူဝယ်ယူရရှိနိုင်ပြီး အချိန်မီ ကြိုတင်ကာကွယ်နိုင်ပါက မွေးမြူရေးမှ အကျိုးအမြတ်ပိုမိုရရှိနိုင်ပါသည်။ |
| **၄။ စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေး လုပ်ငန်းများ**<br>• ပက်မြန်မာအဖွဲ့မှ အဖွဲ့ဝင်များ ချေးငွေရရှိနိုင်သည်။<br>• မြေယာမဲ့ ကျဗန်းလုပ်ကိုင် စားသောက်သူမိသားစုများသည်။<br>• အသက်မွေးဝမ်းကျောင်းအတတ်ပညာများ ကျွမ်းကျင်မှုတိုးလာပါ<br>အလုပ်အကိုင်အခွင့်အလမ်းများတိုးတက်လာနိုင်မည်။ ပုံမှန်အလုပ်အကိုင်နှင့် ဝင်ငွေများ ရရှိလာမည်။<br>• စက်မှုဝန်ကြီးဌာနပိုင် အထည်ချုပ်စက်ရုံသည် ရွာနှင့်နီးကပ်စွာတည်ရှိသည်။<br>• ထူးကုမ္ပဏီပိုင်စိုက်ခင်းများတွင်စိုက်ပျိုးရန်သွားရောက်လုပ်ကိုင်နိုင်သည်။<br>• ပဲကြော်ကဲ့သို့ လုပ်ငန်းတိုးမြှင့်ရန် ဒေသထွက်ကုန်ကြမ်းများ အလုံလောက်ရှိသည်။<br>• လမ်းပန်းဆက်သွယ်ရေးကောင်းသည်။<br>• အိမ်တွင်းမှု လုပ်ငန်းများ လုပ်ကိုင်ရန် လျှပ်စစ်မီး တပ်ဆင်ထားပြီးဖြစ်သည်။ | • ကျေးရွာတွင် ပက်မြန်မာ ငွေချေးအဖွဲ့ရှိပြီး စိတ်ဝင်စား သူများ အဖွဲ့ဝင်နိုင်သည်။<br>• မြေယာမဲ့များ အသက်မွေးဝမ်းပညာလုပ်ငန်းကို စိတ် ဝင်စားကြသည်။<br>• အလုပ်အကိုင် အခွင့်အလမ်းနေဖြင့် စက်မှုဝန်ကြီးဌာနပိုင်အထည်ချုပ်စက်ရှိနှင့် ထူးကုမ္ပဏီပိုင် စိုက်ခင်းများ ရွာနှင့် အနီးတွင်ရှိသည်။<br>• ပဲကြော်လုပ်ငန်းနှင့် ဒေသထွက်ကုန် များစွာရှိသည်။<br>• လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်ပြီး ရာသီမရွေး၊ အချိန်မရွေး၊ ယဉ်မျိုးစုံ သွားလာနိုင်သည်။<br>• အသက်မွေး လုပ်ငန်းများ ကျွမ်းကျင်ပါက အိမ်တွင်းမှု လုပ်ငန်းများလုပ်ကိုင်ရန် လျှပ်စစ်မီး တပ်ဆင်ထားပြီး ဖြစ်သည်။ |
| **၅။ ပညာရေး**<br>• စာသင်ကျောင်း အဆောက်အဦးကောင်းမွန်ပြီး ဆရာနှင့် ကျောင်းသားအင်အား ပြည့်စုံလုံလောက်မှုရှိသည်။<br>• ကျောင်းအကျိုးတော်ဆောင်မှ စိတ်ဝင်စားမှုရှိသည်။ မိဘ၊ ဆရာ ပူးပေါင်းဆောင်ရွက်မှု ကောင်းသည်။<br>• မူလတန်းကျောင်း၊ အလယ်တန်းကျောင်းနှင့် တွဲဖက်အထက်တန်းကျောင်းရှိပြီး ဆရာ၊ ကျောင်း သား ပြည့်စုံမှုရှိသည်။ | • စာသင်ကျောင်းဆောင် ကောင်းမွန်ပြီး ဆရာနှင့် ကျောင်းသားပြည့်စုံခြင်း၊ မိဘဆရာ ပူးပေါင်းဆောင်ရွက်မှု ကောင်းမွန်ခြင်း၊ ကျောင်းအသုံးအဆောင် အသင့်အတင့် ပြည့်စုံကောင်းမွန်ခြင်းတို့ကြောင့် ကျောင်းသားဦးရေ တိုးတက်လာနိုင်သည်။ ပညာရေး တိုးတက်ကောင်းမွန်လာမည်။ |
| **၆။ ကျန်းမာရေး၊ သောက်သုံးရေ**<br>• တနှစ်ပါတ်လုံးသောက်သုံးရေ အလုံအလောက် ရရှိသည်။<br>• အိမ်အများစုမှာ ယင်လုံအိမ်သာ သုံးစွဲကြသည်။<br>• တကိုယ်ရေ သန့်ရှင်းမှု အသင့် အတင့်ကောင်းမွန်သည်။<br>• ပွင့်ဖြူမြို့နှင့်နီးပြီး ဆေးရုံဆေးခန်းနှင့် အလွယ်တကူ ဆက်သွယ်နိုင်သည်။ | • သောက်ရေလုံလောက်မှုရှိသည်။<br>• အများစုမှာ ယင်လုံအိမ်သာ သုံးစွဲကြသည်။<br>• တကိုယ်ရေ သန့်ရှင်းမှု အသင့် အတင့်ကောင်းမွန်သည်။<br>• ဆေးရုံဆေးခန်းနှင့် အလွယ်တကူ ဆက်သွယ်နိုင်သည်။ |
| **လူငယ်၊ ယဉ်ကျေးမှု၊ အားကစား** | • ကျေးရွာတွင် ကာလသားအဖွဲ့၊ အပျိုလူပျိုအဖွဲ့များ ရှိပြီး အစဉ်အဆက် လှုပ်ရှားမှု ရှိသည်။<br>• ကျေးရွာဖွံ့ဖြိုးရေးနှင့် သာရေး၊ နာရေးများတွင် |

နောက်ဆက်တွဲ (၂)

## ၃။ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အပံ့ဖြစ်စေမည့် အခြေအနေကောင်းများ၊ အဟန့်အတားနှင့် ရင်ဆိုင် ကျော်လွှားရမည့်စိန်ခေါ်မှုများ

ဇယား (၄၃) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေသောအခြေအနေများ

| အလားအလာများ | ရှင်းလင်းဖော်ပြချက် |
|---|---|
| **၁။ ဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှု**<br>• ကျေးရွာအတွင်းရှိ လက်ရှိ လူထုအခြေပြုအဖွဲ့ အစည်းများ၏ စွမ်းဆောင်ရည်မြင့်တက်ပြီး တောင့်တင်းခိုင်မာလာပါက ပိုမိုကျယ်ပြန့်သောကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများကို ရွာသားများ ကိုယ်တိုင်အကောင်အထည်ဖော်ဆောင်ရွက်လာနိုင်မည်။ | • ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည်ကျေးလက်ဖွံ့ဖြိုးရေးစီမံကိန်းများရေးဆွဲ၍ ကျေးရွာ လူထုအဖွဲ့အစည်းများ ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်လျက်ရှိသည်။<br>• လက်ရှိတွင် ကျေးရွာအတွင်းရှိ အဖွဲ့အချင်းချင်း ချိတ်ဆက်မှု၊ ပူးပေါင်းဆောင်ရွက်မှုမရှိ။ ဦးဆောင်အဖွဲ့မရှိ။ |
| **၂။ စိုက်ပျိုးရေး (သီးနှံ)**<br>• သဘာဝ မြေဩဇာကို အလုံအလောက် အသုံးပြုပြီး မြေဆီလွှာ ပြုပြင်ထိန်းသိမ်း နိုင်မည်ဆိုလျှင် သီးနှံအထွက် တိုးလာမည်။<br>• စိုက်ဘဏ်နှင့် ပက်မြန်မာအဖွဲ့များမှ ငွေချေးစနစ်ရှိသည်။<br>• သွင်းအားစုများ အလွယ်တကူ လက်လှမ်းမီနိုင်သည်။<br>• စိုက်ပျိုးရေတနှစ်ပါတ်လုံး အလုံအလောက်ရရှိသည်။<br>• စိုက်ပျိုးရေး ထွက်ကုန်များအတွက် ဈေးကွက် အလုံအလောက်ရှိသည်။ အချိန်မရွေးတင်ပို့ ရောင်းချနိုင်သည်။<br>• စိုက်ပျိုးရေးနည်းပညာ ဝန်ဆောင်မှုကို အလွယ်တကူ ရရှိနိုင်သည်။<br>• လယ်ယာသုံး စက်ကရိယာများကို ဒေသအတွင်း အရစ်ကျစနစ်ဖြင့် ရောင်းချသော ကုမ္ပဏီများ ရှိသည်။<br>• ယာမြေများတွင် စက်အဝီစိတွင်းတူးဖေါ်ခြင်းဖြင့် စိုက်ပျိုးရေ ရရှိ နိုင်သည်။ | • မြေဆီဩဇာ အသင့်အတင့်ကောင်းမွန်သည်။<br>• မဲဇလီဆည်မှ စိုက်ပျိုးရေကို တနှစ်ပါတ်လုံး အလုံအ လောက်ရရှိသည်။<br>• ပွင့်ဖြူ၊ စလင်း၊ မင်းဘူးတို့နှင့် နီးပြီး စိုက်ပျိုးရေးဆေးဝါး၊ မြေဩဇာ၊ လယ်ယာသုံး စက်ကရိယာများအရစ် ကျငွေချေ စနစ်ဖြင့် ရောင်းချ ခြင်းများရှိသည်။<br>• ဈေးကွက်နှင့် ဝယ်လိုအားကောင်းသည်။ လမ်းပန်း အချိန်မရွေး သွားလာနိုင်သည်။ ယဉ်မျိုးစုံ အချိန်မရွေး သွားလာနိုင်သည်။<br>• မြန်မာစိုက်ပျိုး ရေးနှင့် စိုက်ပျိုးရေးကုမ္ပဏီများ၊ ဖွံ့ဖြိုးရေးအဖွဲ့များမှ နည်းပညာများ ပံ့ပိုးပေးသည်။<br>• ကျေးရွာတွင် လယ် ၇၁၈ ကျော် ကေရှိပြီး လယ်ယာသုံး စက်ကရိယာများ ဝယ်ယူ အသုံးပြုပါ က အချိန်မီ ထွန်ယက် နိုင်မည်။<br>• ယာမြေများတွင် စက်အဝီစိတွင်းတူးဖေါ်ခြင်းဖြင့် စိုက်ပျိုးရေ ရရှိနိုင် သည်။ |
| **၃။ မွေးမြူရေး**<br>• မွေးမြူရေးကို တိုးချဲ့ မွေးမြူရန် ရာသီဥတု၊ ဈေးကွက်၊ အစားအစာ၊ မြေနေရာနှင့် စားကျက်၊ ဝန်ဆောင်မှုများ ကောင်းသည်။<br>• မွေးမြူရေးနည်းပညာ၊ ဗဟုသုတနှင့် ဝန်ဆောင်မှုများ ရရှိရန် မြို့နယ်တိကုဦးစီးဌာနရှိသည်။<br>• မျိုးကောင်းမျိုးသန့်များကိုလည်း ဒေသတွင်းနှင့် တိက | • တိရစ္ဆာန် မွေးမြူရန် ရေ၊ မြေနှင့် စိုက်ပျိုးရေး စွန့်ပစ်အစာ အလုံလောက် ရရှိနိုင်ခြင်း၊ စားကျက် အလုံအလောက် ရှိခြင်း။<br>• တိမွေးကုမှ ဝန်ဆောင်မှု ကိုရရှိနိုင်သည်။<br>• နွား၊ ဝက်၊ ကြက်၊ ဆိတ် ဈေးကွက် ကောင်းသည်။<br>• မျိုးကောင်းမျိုးသန့်များကိုလည်း ဒေသအတွင်း အ လွယ်တကူ ဝယ်ယူရရှိနိုင်ပါသည်။ |

### လေ့လာတွေ့ရှိချက်

၁။ ဆက်သွယ်ရေးဝန်ဆောင်မှုအားဖြင့်MPT, Telenor, Ooredooလိုင်းများမိပါသည်။

၂။ ကျေးရွာမှ ဝန်ထမ်းများသည် အသက်အာမခံထားရှိကြသည်။ သဘာဝဘေးလျော့ချရေး အစီအစဉ် မရှိပဲမီးဘေးကာကွယ်ရေး အစီအစဉ်သာ ရှိပါသည်။

## ၂.၁၂.၂။ မှုခင်းဖြစ်ပွားမှု

ဇယား (၄၂) မှုခင်းဖြစ်ပွားမှုအခြေအနေ

| | လူကုန်ကူးမှု | ခိုးမှု | မူးယစ်ဆေးသုံးစွဲမှု | အကြမ်းဖက်မှု |
|---|---|---|---|---|
| ပြင်းထန်/မထန် | မရှိ | မရှိ | မရှိ | မရှိ |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၂-၄ရက်၊စက်တဘာလ၊၂၀၁၅နှစ်) မှရယူပါသည်။

### လေ့လာတွေ့ရှိချက်

၁။ ကျေးရွာအတွင်း မှုခင်းကြီးကြီးမားမားမရှိပါ။ ကျေးရွာတွင် မှုခင်းဖြစ်ပွားမှုနည်းပြီး ပွင့်ဖြူ ရဲစခန်းနှင့် ချိတ်ဆက်မှုရှိသည်။

| လုပ်ငန်း | ရှိ/ မရှိ | ဝန်ဆောင်မှု |
|---|---|---|
| အားကစားပစ္စည်းများအားလက်လှမ်းမှီမှု | ရှိ | စာသင်ကျောင်းအားကစားကွင်းသာရှိပြီး ကျေးရွာမှ လွတ်လပ်စွာ ကစားခွင့်မရှိပါ။ |
| ဖွံ့ဖြိုးရေးလုပ်ငန်းများတွင်ပါဝင်မှု | မရှိ | ကျေးရွာအဖွဲ့အစည်းများတွင် ပါဝင်ကြသော် လည်း အဖွဲ့ကိုယ်စားလှယ်အဖြစ်ပါဝင်ခြင်း ပါဝင်ခွင့် မရကြပါ။ |
| ရိုးရာယဉ်ကျေးမှုထိန်းသိမ်းရေး | ရှိ | ရိုးရာယဉ်ကျေးမှု ထိန်းသိမ်း မှုအနေဖြင့် ရိုးရာ တီးဝိုင်းရှိသော်လည်း ပစ္စည်းလုံလောက်မှုမရှိ။ |
| စာကြည့်တိုက်၊အင်တာနက်စသည်များအားလက်လှမ်းမှီမှု | ရှိ | စာကြည့်တိုက်၊အင်တာနက်၊ဂျာနယ် မရှိကြပါ။ |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၂-၄ရက်၊စက်တဘ်ာလ၊၂၀၁၅နှစ်) မှရယူပါသည်။

## လေ့လာတွေ့ရှိချက်

၁။ လူငယ်များသည် ကျေးရွာရှိသာရေးနာရေးတွင် ပါဝင်ကူညီလုပ်ကိုင်ပေးကြပြီး အပန်းဖြေရန် တီဗွီကြည့်ခြင်း၊ အားကစားလုပ်ကိုင်ခြင်းဖြင့် အပန်းဖြေကြသည်။ အနုပညာ ဝါသနာပါပြီး ဇတ်အဖွဲ့များတွင် အငှား လိုက်တီးပေးသူများရှိသည်။

၂။ ကျေးရွာစာသင်ကျောင်းတွင် ကျောင်းသားများအတွက် အားကစားသင်တန်း၊ ကာယ သင်တန်းများပြုလုပ်ပေးပါသည်။ ကျောင်းစာကြည့်တိုက်တွင် ကလေးလူငယ်များအတွက် စာအုပ်များထားရှိပါသည်။ သို့သော်လုံလောက်မှုမရှိပါ။ စာကြည့်တိုက်အသစ်ဆောက်လုပ်ပြီး စာအုပ်သစ်များဖြင့်ပြည့်စုံစွာထားရှိချင်ပါသည်။

## ၂.၁၂။ကျေးရွာတည်ငြိမ်ရေး နှင့် ဘေးကင်း လုံခြုံရေး အခြေအနေ

### ၂.၁၂.၁။လုံခြုံရေးဆိုင်ရာဝန်ဆောင်မှုများအားလက်လှမ်းမှီမှု

ဇယား (၄၁) ဘေးကင်းလုံခြုံရေး၊ဝန်ဆောင်မှု၊အထောက်အကူများအားလက်လှမ်းမှီမှု

| ဝန်ဆောင်မှုများ | ရှိ/ မရှိ | ရှင်းလင်းချက် |
|---|---|---|
| ဆက်သွယ်ရေးဆိုင်ရာအဆောက်အဦးများအားလက်လှမ်းမှီမှု | ရှိ | မိုဘိုင်းဖုန်း ရှိသည်။ |
| အာမခံလုပ်ငန်းများအားလက်လှမ်းမှီမှု | မရှိ | စိတ်ဝင်စားမှု မရှိကြပါ။ ဗဟုသုတလည်းမရှိကြပါ ။ ပညာပေးလည်းမရှိ။ |
| လူထုအခြေပြုသဘာဝဘေးအန္တရာယ်လျှော့ချရေးအစီအစဉ် | မရှိ | ကြိုတင်သတိပေးစနစ်၊ သဘာဝ ဘေးအန္တရာယ် စီမံခန့်ခွဲရေး ကော်မတီမရှိသေးပါ။ |
| ရဲစခန်းများအားလက်လှမ်းမှီမှု | ရှိ | လိုအပ်ပါက ပွင့်ဖြူရဲစခန်းနှင့် ဆက်သွယ်ဆောင်ရွက်နိုင်သည်။ |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၂-၄ရက်၊စက်တဘ်ာလ၊၂၀၁၅နှစ်) မှရယူပါသည်။

| အရင်းအမြစ် | အိမ်ထောင်စု | ပြုပြင်ထိန်းသိမ်းရေးစနစ် (ကောင်း/သင့်/ညံ့) | အခက်အခဲရှိ/မရှိ |
|---|---|---|---|
| ဇီဝလောင်စာ (ဖယောင်းတိုင်) | | | |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၂-၄ရက်၊စက်တင်ဘာလ၊၂၀၁၅နှစ်) မှရယူပါသည်။

**လေ့လာတွေ့ရှိချက်**

၁။ ကျေးရွာတွင် (၂၀၀) ကီလိုဗို့ ထရန်စဖော်မာရှိပြီးအိမ် (၁၈၁) ခန့်လျှပ်စစ်မီးအသုံးပြုကြသည်။ ကျန်အိမ် (၂၀)မှာ စံပြကျေးရွာမီးလိုင်းမှ အသုံးပြုကြသည်။ ကျန်အိမ်များ မီးလင်းရန် လိုအပ်နေသေးသည်။

## ၂.၁၀။ ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်ဆိုင်ရာနည်းပညာ

ဇယား (၃၉) ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာအခြေအနေ

| စဉ် | ဖုန်း | ရေဒီယို | တီဗွီ | အင်တာနက် | သတင်းစာနှင့်ဂျာနယ် | အခြား |
|---|---|---|---|---|---|---|
| အရေအတွက် | ၃၉၆ | ၁၇၀ | ၂၃၄ | | | |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၂-၄ရက်၊စက်တင်ဘာလ၊၂၀၁၅နှစ်) မှရယူပါသည်။

**လေ့လာတွေ့ရှိချက်**

၁။ အိမ်ထောင်စုအများစုသည် သတင်းအချက်အလက်နည်းပညာများကို တီဗွီ၊ ရေဒီယိုများမှ တစ်ဆင့် ရယူကြသည်။

၂။ ဆက်သွယ်ရေးအတွက်ဖုန်းအသုံးပြုမှုမှာ၈၅ % ခန့်ရှိသည်။ လူငယ်အများစုသည် အင်တာနက် အသုံးပြုကြပြီး facebook၊ gtalk ၊ viber စသည်များနှင့် အားကစားဂျာနယ်များ အဖတ်များသည်။

## ၂.၁၁။ ယဉ်ကျေးမှုနှင့်လူငယ်ဖွံ့ဖြိုးရေး

ဇယား (၄၀) ယဉ်ကျေးမှုနှင့် လူငယ်ဖွံ့ဖြိုးရေးအခြေအနေ

| လုပ်ငန်း | ရှိ/မရှိ | ဝန်ဆောင်မှု |
|---|---|---|
| အပန်းဖြေနိုင်သည့်နေရာများအား လက်လှမ်းမှီမှု | ရှိ | လူငယ်များ ပျော်ရွှင်ပွဲနှင့် ဖျော်ဖြေမှု သီးသန့် မရှိကြပါ။ |
| လူမှုရေးလုပ်ငန်းများတွင်ပါဝင်မှု | ရှိ | လူမှုရေးလုပ်ငန်းများတွင် တက်ကြွစွာ ပါဝင်ကြသည်။ |
| ဘာသာရေးလုပ်ငန်းများတွင်ပါဝင်မှု | ရှိ | ဘာသာရေးပွဲများတွင် တက်ကြွစွာပါဝင်ကြသည်။ |

### ၂.၈.၂။ ရေကြောင်းသယ်ယူပို့ဆောင်ရေး

ဇယား (၃၆) ရေကြောင်းသယ်ယူပို့ဆောင်ရေး

| သယ်ယူပို့ဆောင်ရေး | အကွာအဝေး (ကီလိုမီတာ) | ယာဉ် အမျိုးအစား | ရာသီအလိုက်သုံးစွဲနိုင်မှု | |
|---|---|---|---|---|
| | | | ပွင့်လင်းရာသီ | တစ်နှစ်ပါတ်လုံး |
| မြစ်ကြောင်း | | | | |
| ပင်လယ်ရေကြောင်း | | | | |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၂-၄ရက်၊စက်တဘာလ၊၂၀၁၅နှစ်) မှရယူပါသည်။

### ၂.၈.၃။ သယ်ယူပို့ဆောင်ရေးယာဉ်များနှင့် ဝန်ဆောင်မှုများ

ဇယား (၃၇) သယ်ယူပို့ဆောင်ရေးယာဉ်များ

| ယာဉ်အမျိုး အစား | စက်လှေ | လှေ၊ သမ္ဗာန် | စက် ဘီး | မော်တော် ဆိုင်ကယ် | သုံးဘီး ဆိုင်ကယ် ၊ထော်လာ ဂျီ | ဖောကား | မြင်းလှည်း |
|---|---|---|---|---|---|---|---|
| အရေအတွက် | | | | ၂၅၅ | ၈ | ၂ | ၁ |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၂-၄ရက်၊စက်တဘာလ၊၂၀၁၅နှစ်) မှရယူပါသည်။

### လေ့လာတွေ့ရှိချက်

၁။ ကျေးရွာတွင် ကုန်ထုတ်သီးနှံများသယ်ယူပို့ဆောင်ရာတွင် ထော်လာဂျီ နှင့် သုံးဘီးများကို အသုံးပြုကြပြီး ထရပ်ကားများကို အသုံးပြု၍ ကူးသန်းရောင်းဝယ်ကြသည်။

## ၂.၉။ လျှပ်စစ်မီးရရှိမှု

ဇယား (၃၈) လျှပ်စစ်မီးရရှိမှုအခြေအနေ

| အရင်းအမြစ် | အိမ်ထောင်စု | ပြုပြင်ထိန်းသိမ်းရေးစနစ် (ကောင်း/သင့်/ညံ့) | အခက်အခဲရှိ/မရှိ |
|---|---|---|---|
| မဟာဓါတ်အားလိုင်း | ၁၈၁ | ကောင်း | မရှိ |
| ဆိုလာစနစ် | ၁၀ | ကောင်း | မရှိ |
| အသေးစားရေအားလျှပ်စစ် | | | |
| ဒီဇယ်သုံးအင်ဂျင် | | | |
| လေစွမ်းအင် | | | |

## ၂.၈။လမ်းတံတားအခြေအနေ

### ၂.၈.၁။ကျေးရွာ၏ လမ်းတံတားတည်ရှိမှု

ဇယား (၃၅) ကျေးရွာ၏ လမ်း၊ တံတားတည်ရှိမှုအခြေအနေ

| လမ်းတံတားအမျိုးအစား | အမျိုးအစား (၁၊၂၊၃) | ကောင်း/ဆိုး | တည်ဆောက်ခဲ့သောနှစ် | ရာသီအလိုက်သုံးစွဲနိုင်မှု | | လမ်းအရှ (ကီလိုမီတ |
|---|---|---|---|---|---|---|
| | | | | ပွင့်လင်းရာသီ | တစ်နှစ်ပတ်လုံး | |
| ရွာတွင်းလမ်း | ၁ | ကောင်း | ၁၉၈၈ | | Â | ၁၁၃၇၀ |
| ချဉ်းကပ်လမ်း | ၂ | ကောင်း | - | | Â | |

ရည်ညွှန်း ‥ ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၂-၄ရက်၊စက်တဘ်ာလ၊၂၀၁၅နှစ်) မှရယူပါသည်။

### လေ့လာတွေ့ရှိချက်

၁။ ကျေးရွာတွင်းလမ်းများမှကျောက်ချောလမ်းများဖြစ်ပြီးအသင့်အတင့်ကောင်းမွန်သည်။

၂။ ကျေးရွာချဉ်းကပ်လမ်းမှာကတ္တရာလမ်းဖြစ်ပြီးအချိန်မရွေးယဉ်မျိုးစုံသွားလာနိုင်သည်။

| လမ်းတံတားအမျိုးအစား | အရွယ်အစား | ကောင်း/ဆိုး | တည်ဆောက်ခဲ့သောနှစ် | အသုံးပြုနိုင်သည့်ရာသီ | |
|---|---|---|---|---|---|
| | | | | ပွင့်လင်းရာသီ | တစ်နှစ်လုံး |
| ဆိပ်ခံတံတား | - | - | - | - | - |
| တံတား | ၁၃' × ၁၂' × ၆' | ဆိုး | ၂၀၁၃ | Â | - |
| ကြိုးတံတား | - | - | - | - | - |
| ရေမြောင်း | ၄ | ၃/၁ | ၂၀၁၂၊ ၂၀၁၃၊ ၂၀၁၄၊ ၁၉၇၅ | Â (၁ ခု) | Â (၃ ခု) |

ရည်ညွှန်း ‥ ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၂-၄ရက်၊စက်တဘ်ာလ၊၂၀၁၅နှစ်) မှရယူပါသည်။

### လေ့လာတွေ့ရှိချက်

၁။ ကျေးရွာတွင် ရေမြောင်းပေါင်း-၄ခုရှိပြီး ၃ ခုသည်ကောင်းမွန်၍ ၁ ခုသည်မကောင်းပါ။

၂။ ၂၀၁၂ ခုနှစ်တွင်တစ်ခု၊ ၂၀၁၃ ခုနှစ်တွင်တစ်ခု၊ ၂၀၁၄ ခုနှစ်တွင်တစ်ခု ဆောက်လုပ်ခဲ့သည်။ မကောင်းသော တစ်ခုမှာ ၁၉၇၅ ခုနှစ်တွင် တည်ဆောက်ခဲ့သည်။ တံတားမှာ ထန်းတံတားဖြစ်ပြီး လယ်ကွင်းသို့ သွားရာလမ်း တွင် အသုံးပြုသည်။

၃။ ယင်းတံတားအားပြန်လည်ပြင်ဆင်ပြီး ကုန်ထုတ်လမ်း (၁မိုင် ၁ဖာလုံ) အား ပြန်လည်ပြင်ဆင်ပါ က လယ်ဧက ၇၀၀ ကျော်ခန့် သီးနှံထုတ်ကုန်များ လွယ်ကူစွာ သယ်ယူနိုင်သည်။

၄။ ကျေးရွာတွင် ကျန်းမာရေးအတွက် နာရေးကူညီမှု အသင်းကားရှိသည်။ ကျေးရွာနှင့်အခြား ကျေးရွာများအတွက် လူနာတင်ပို့ပြုလုပ်ပေးသည်။ ပွင့်ဖြူသို့ အခမဲ့ပို့ဆောင်ပေးပြီး၊ မင်းဘူးသို့ ပို့ပေးရပါက ကျပ်၁၀၀၀၀၊ မကွေးသို့ ပို့ပေးရပါက ကျပ်၁၅၀၀၀ ဖြင့် ပို့ဆောင်ပေးသည်။

## ၂.၇.၂။ သောက်သုံးရေရရှိမှု

ဇယား (၃၃) သောက်သုံးရေရရှိမှု

| ရေရရှိနိုင်မှု | အရေအတွက် | အကောင်း/အဆိုး | လက်ရှိ/လုံလောက်မှု | | | အခြား |
|---|---|---|---|---|---|---|
| | | | နွေ | မိုး | ဆောင်း | |
| ရေတွင်း | ၁၄ | | Â | Â | Â | |
| အဝီစိတွင်း | ၂၇၃ | | Â | Â | Â | |
| အဝီစိတွင်း၊စက်တွင်း | | | | | | |
| ကန် | | | | | | |
| မြစ်/ချောင်း | | | | | | |
| မိုးရေသိုလှောင်ကန် | | | | | | |
| စိမ့်စမ်းရေသွယ်တန်း | | | | | | |
| ခြင်း | | | | | | |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၂-၄ရက်၊စက်တင်ဘာလ၊၂၀၁၅နှစ်) မှရယူပါသည်။

### လေ့လာတွေ့ရှိချက်

၁။ သောက်သုံးရေအတွက်ကျေးရွာလူထုသည် ရေတွင်း၊ အဝီစိတွင်းများကို အသုံးပြုပြီး တစ်နှစ်ပတ်လုံး ရေလုံလောက်စွာ ရရှိပါသည်။

## ၂.၇.၃။ သန့်ရှင်းရေးအခြေအနေ (အိမ်သာအမျိုးအစားနှင့် အိမ်ထောင်စုအရေ အတွက်)

ဇယား(၃၄) သန့်ရှင်းရေးအခြေအနေ

| သုံးစွဲနိုင်သောအိမ်သာအမျိုးအစား | သုံးစွဲနိုင်သော အိမ်ထောင်စု | ရှင်းလင်းချက် |
|---|---|---|
| ယင်လုံအိမ်သာ | ၄၀၈ | |
| ကျင်းအိမ်သာ | ၃ | |
| တောထိုင် | | |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၂-၄ရက်၊စက်တင်ဘာလ၊၂၀၁၅နှစ်) မှရယူပါသည်။

### လေ့လာတွေ့ရှိချက်

၁။ တချို့အိမ်ထောင်စုများသည်မိသားစုအချင်းချင်းအိမ်သာအတူတူသုံးကြပါသည်။

၂။ ကျန်အိမ်ထောင်စုများမှာဆင်းရဲသောကြောင့်အသုံးမပြုနိုင်ကြပေ။

၃။ လိုအပ်ပါကဆရာမနှင့်ချိတ်ဆက်မှုရှိပြီး၊ တစ်ခါတစ်ရံတွင် ပွင့်ဖြူမှ တစ်ဆင့် မကွေးသို့လည်း သွားရောက်ကုသကြရသည်။

### ကျန်းမာရေးအထောက်အပံ့များ (ဆေးရုံ/ဆေးခန်းများ)

ဇယား (၃၂) ကျန်းမာရေး အထောက်အပံ့ နှင့် ဝန်ဆောင်မှုများ

| ကျန်းမာရေး ဝန်ဆောင်မှု | ခရီး အကွာ အဝေး (ကီလို) | အခန်း/ ကုတင် (လုံလောက် မှုရှိ /မရှိ) | ကျန်းမာရေး ဝန်ထမ်းဦးရေ | ဆေးနှင့်ပတ် သက်သောအသုံး အဆောင်ပစ္စည်း များ (လုံလောက် /မလုံလောက်မှု) | မှတ်ချက် |
|---|---|---|---|---|---|
| ကျေးလက်ကျန်း မာရေးဌာန | စံပြကျေး ရွာ (၃ ဖာ လုံ) | လုံလောက် မှုမရှိ။ | သားဖွားဆရာမ (၁ )ဦး<br>ကြီးကြပ်-၁(   )ဦး | နာဖျားကဲ့သို့ သောအသေး အဖွဲ့ကိစ္စရပ်များ နှင့်မီးဖွားခြင်း တို့ကိုလုပ် ဆောင်နိုင် (ထိုအတွက် ဆေးဝါးလုံ လောက်မှုမရှိ) | |
| ဆေးရုံ | ပွင့်ဖြူ (၂မိုင်) | လုံလောက် မှုရှိ | ဆရာဝန်(   )ဦး<br>သူနာပြု - (   )<br>အခြား - (   ) | ဆေးဝါးလုံ လောက်မှုရှိ | |
| ဆေးဆိုင် | ရွာတွင်ရှိ | လုံလောက် မှုရှိ။ | | လက်လှမ်းမှီမှု ဆေးဝါး.... သို့လျှောင်ပုံစနစ် အအေးခန်းစနစ် | |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၂-၄ရက်၊စက်တင်ဘာလ၊၂၀၁၅နှစ်) မှရယူပါသည်။


### လေ့လာတွေ့ရှိချက်

၁။ ကျေးရွာတွင် ဆေးပေးခန်းရှိသော်လည်း တာဝန်ကျဆရာမမှာ (၅) ရွာတာဝန်ယူရသဖြင့် ရွာတွင် အမြဲမနေနိုင်။ ကျန်းမာရေးဝန်ဆောင်မှု လုံလောက်မှုမရှိပါ။

၂။ ဆေးဝါးပစ္စည်းနှင့်ပတ်သတ်သောအသုံးအဆောင်များလုံလောက်မှုမရှိပါ။

၃။ ကျေးရွာကျန်းမာရေးအတွက်သာမန်ရောဂါများကိုသာ (စံပြရွာ) ကျန်းမာရေးဆေးခန်းတွင် ပြ၍ အရေးပေါ်ဖြစ်ပါကပွင့်ဖြူ (သို့မဟုတ်)မကွေးသို့သွားရောက်နိုင်သည်။

ကန်သာကြီးကျေးရွာအရင်းအမြစ်ပြမြေပုံ၊ ပွင့်ဖြူမြို့နယ်




ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (စက်တင်ဘာလ၊၂၀၁၅နှစ်)

| အခက်အခဲ/ပြဿနာ | ရှင်းလင်းချက် |
|---|---|
| မသန်စွမ်းသူများအတွက်ပညာရေးအထူးအစီအစဉ် | မရှိ |
| ကျောင်းသုံးစာအုပ်နှင့်စာရေးကိရိယာ | အစိုးရမှထောက်ပံ့ပေး |
| ဆင်းရဲသောမိသားစုများအတွက်ကျောင်းစရိတ်မတတ်နိုင်မှု | ဆင်းရဲသော မိသားစုများမှာ စားဝတ်နေရေး အခက်အခဲကြောင့် နယ်ထွက်ပြီး ကျပန်း လုပ်ကိုင် စားသောက်နေရသောကြောင့် ကလေး များကို ပညာ ပြီးဆုံးသည်အထိ မထားနိုင်။ |
| မိဘဆရာအသင်း၏အခန်းကဏ္ဍ | မိဘဆရာအသင်း၏ လှုပ်ရှားမှု ကောင်းမွန်သည်။ |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၂-၄ရက်၊စက်တဘ်ာလ၊၂၀၁၅နှစ်) မှရယူပါသည်။

## လေ့လာတွေ့ရှိချက်

၁။ ဆရာနှင့် တပည့် အရေအတွက် အချိုးညီမျှမှုရှိသည်။

၂။ ကျေးရွာတွင် အထက ခွဲကျောင်းရှိပြီး အခြားကျေးရွာများမှ လာတက်သည်။ မူလတန်းပေါင်း-၂၂၅၊ အလယ် တန်း ပေါင်း-၄၇၈၊ အထက်တန်း ပေါင်း-၇၈ ဦး၊ စုစုပေါင်း ကျောင်းသားဦးရေ (၇၈၁) ရှိသည်။ ကျောင်းသားဦးရေမှာ ကျေးရွာရှိကလေးဦးရေထက်များနေရခြင်းမှာ အလယ်တန်းနှင့် အထက်တန်းတွဲဖက်ကျောင်း ဖြစ်သောကြောင့် အနီးနားရွာများမှလည်း လာရောက် ကျောင်းတက်သောကြောင့် ဖြစ်သည်။

၃။ လက်ရှိကျောင်းအကျိုးတော်ဆောင်များမှာလည်း ပညာရေးတိုးတက်ရန် စိတ်ဝင်စားမှုရှိသည်။

## ၂.၇။ကျန်းမာရေးနှင့်အာဟာရ

### ၂.၇.၁။အဖြစ်များသောရောဂါများ

ဇယား (၃၁) အဖြစ်များသောရောဂါများ

| .သွေးလွန်တုပ်ကွေး | ၂. ဝမ်းလျှောဝမ်းပျက် | ၃. ရာသီဖျား | ၄. |
|---|---|---|---|
| ၅. | ၆. | ၇. | ၈. |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၂-၄ရက်၊စက်တဘ်ာလ၊၂၀၁၅နှစ်) မှရယူပါသည်။

## လေ့လာတွေ့ရှိချက်

၁။ ကျေးရွာတွင် မိုးရာသီတွင်ဝမ်းပျက်ဝမ်းလျှောရောဂါ အဖြစ်များပြီး ကလေးများတွင် သွေးလွန် တုပ်ကွေးရောဂါအဖြစ်များသည်။

၂။ ကျေးရွာအုပ်စုအတွင်း ကျေးရွာ (၅) ရွာအတွက်တာဝန်ကျသားဖွါးဆရာမ (၁) ဦးသာရှိပြီး စံပြကျေးရွာတွင်နေထိုင်သည်။သားဖွါးဆရာမလုံလောက်မှုမရှိပါ။

### ၂.၆.၂။စာသင်ကျောင်းဆောင်အခြေအနေနှင့်လက်လှမ်းမှီမှု

ဇယား (၂၉) စာသင်ကျောင်းဆောင်အခြေအနေနှင့် လက်လှမ်းမှီမှု

| အကြောင်းအရာ | မူလတန်းကျောင်း | | | အလယ်တန်းကျောင်း | | |
|---|---|---|---|---|---|---|
| ရွာမှအကွာအဝေး(ကီလိုမီတာ) | ရွာတွင်း | | | ရွာတွင်း | | |
| သယ်ယူပို့ဆောင်ရေးဝန်ဆောင်မှု | လမ်းလျှောက် | | | လမ်းလျှောက် | | |
| စာသင်ကျောင်းအရွယ်အစား (အလျား၊အနံ၊အမြင့်) | ၁၂၀'၃၀'၁၂' | | | ၁၀၄'၁၆'၁၂'<br>၃၆'၁၆'၁၂' | | |
| အမိုး၊နံရံ၊အခင်းအရည်အသွေး | သွပ်မိုး၊ကွန်ကရစ်ခင်း/ကာ | | | သွပ်မိုး၊ထရံကာ၊မြေစိုက်<br>သွပ်မိုး၊ထရံကာ၊မြေစိုက် | | |
| ကျောင်းသုံးပရိဘောဂ(လုံလောက်မှု ရှိ/မရှိ) | မရှိ | | | မရှိ | | |
| ကျောင်းဆရာဦးရေ | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း |
| | - | ၅ | ၅ | - | ၁၇ | ၁၇ |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၂-၄ရက်၊စက်တင်ဘာလ၊၂၀၁၅နှစ်) မှရယူပါသည်။

### လေ့လာတွေ့ရှိချက်

၁။ ကျောင်းတွင် ကျောင်းသုံးပရိဘောဂ လုံလောက်မှုမရှိ၊ အလယ်တန်းစာသင်ကျောင်းဆောင် (၂) ဆောင်မှာပြုပြင်ရန်လိုအပ်သည်။

၂။ အထက်တန်းကိုပွင့်ဖြူမြို့သို့သွားရောက်သင်ကြားကြရသည်။

၃။ စာကြည့်တိုက်တွင် စာအုပ်စာပေများ နည်းပါးနေပြီး၊ ကလေးသူငယ်များနှင့် လူငယ်များ အတွက် ကျောင်းစာကြည့်တိုက်ဆောက်လုပ်ရန်နှင့် စာအုပ်စာပေဖြည့်တင်းရန်လိုအပ်ပါသည်။

### ၂.၆.၃။ ပညာရေးအခက်အခဲနှင့် ပြဿနာများ

ဇယား (၃၀) ပညာရေး အခက်အခဲ နှင့် ပြဿနာများ

| အခက်အခဲ/ ပြဿနာ | ရှင်းလင်းချက် |
|---|---|
| ကျောင်းဆရာ/မဦးရေ | အထက်တန်း၈ ဦး၊အလယ်တန်း၁၇ ဦး၊မူလတန်း ၅ဦး= ၃၀ဦး |
| တပည့် - ဆရာအချိုး | ၁: ၂၆ |
| မူလတန်းပညာကျောင်းထွက်နှုန်း | ၇.၃၆ % |

| ပညာရေး | ကျား | မ | ပေါင်း | ၉နှစ်နှင့်အထက်၊ကျောင်းနေလူဦးရေ ၏ % |
|---|---|---|---|---|
| အလယ်တန်းပညာရေးပြီးဆုံးသူများ | ၂၇၀ | ၂၃၇ | ၅၀၇ | ၂၈.၂% |
| အထက်တန်းပညာရေးပြီးဆုံးသူများ | ၉၆ | ၉၄ | ၁၉၀ | ၁၀.၅% |
| တက္ကသိုလ်ပညာပြီးဆုံးသူများ | ၆၈ | ၁၀၃ | ၁၇၁ | ၉.၅% |
| တက္ကသိုလ်တက်ရောက်နေသူများ | ၂၃ | ၁၄ | ၃၇ | ၂% |
| ၉နှစ်အထက်လူဦးရေပေါင်း (၂၇) | ၈၃၇ | ၉၆၄ | ၁၈၀၁ | ၁၀၀% |

**ရည်ညွှန်း** .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၂-၄ရက်၊စက်တဘာ်လ၊၂၀၁၅နှစ်) မှရယူပါသည်။

## လေ့လာတွေ့ရှိချက်

၁။ ကျေးရွာတွင် မူလတန်းပညာရေးပြီးဆုံးသူ၊ စာရေးစာဖတ်တတ်သူများပြီး ဘွဲ့ရပညာတတ်သူ အသင့်အတင့် များသည်။ အကြောင်းမှာ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ပြီး အလယ်တန်း၊ အထက်တန်းကျောင်းများကို အလွယ်တကူ လက်လှမ်းမီကြသည်။

## ကျောင်းတက်နှုန်း

ဇယား (၂၈) ကျောင်းတက်နှုန်း

| ပညာရေးအဆင့်အတန်း | ကျား | မ | ပေါင်း | စုစုပေါင်းကျောင်းနေအရွယ်လူဦးရေ၏ % |
|---|---|---|---|---|
| မူလတန်း(၅-၉နှစ်) | ၁၀၀ | ၆၃ | ၁၆၃ | ၁၀၁.၉% |
| အလယ်တန်း (၁၀-၁၄နှစ်) | ၇၈ | ၇၃ | ၁၅၁ | ၈၄.၄ % |
| အထက်တန်း (၁၅-၁၆နှစ်ကြား) | ၁၃ | ၁၇ | ၃၀ | |
| တက္ကသိုလ်ကျောင်းသား၊သူ | ၂၃ | ၁၄ | ၃၇ | |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၂-၄ရက်၊စက်တဘာ်လ၊၂၀၁၅နှစ်) မှရယူပါသည်။

## လေ့လာတွေ့ရှိချက်

၁။ မူလတန်းကျောင်းသားဦးရေ ၁၀၁.၉% ရှိနေရခြင်းမှာ ကလေးငယ်အချို့ အသက်ကြီးမှ ကျောင်းထားရခြင်း ကြောင့် ဖြစ်သည်။

၂။ အထက်တန်းနှင့် တက္ကသိုလ်တက်ရောက်သူဦးရေ သိသိသာသာ လျော့နည်းသွားရခြင်းမှာ ကျေးရွာတွင် အလယ်တန်းအဆင့်သာ ကျောင်းရှိပြီး အထက်တန်းမှာ ပွင့်ဖြူသို့ သွားရောက်တက်ရခြင်းနှင့် မိဘများ ဆင်းရဲသဖြင့် ကျောင်းဆက်မထားနိုင်သောကြောင့် ဖြစ်သည်။

| အမျိုးအစား | အန္တရာယ် ဖြစ်နိုင်ခြေ(နည်း/ လတ်/ များ) | ဖော်ပြချက်/ ရှင်းလင်းချက် | လက်ရှိဘေးအန္တရာယ်လျှော့ချရေးအလေ့အကျင့်များ |
|---|---|---|---|
| မုန်တိုင်း | - | - | ၊မြို့ပေါ်ချိတ်ဆက် |
| ငလျှင် | နည်း | | |
| မိုးခေါင်ခြင်း | - | | |
| အအေးလှိုင်း | – | | |
| ပဋိပက္ခဖြစ်ပွားမှု | – | | |
| တိရိစ္ဆာန်ရောဂါဖြစ်ပွါးမှု | များ | ပေါင်ပုပ်လက်ပုပ်၊ခွာနာလျှာနာရောဂါများအဖြစ်များသည်။ | မြို့နယ်နှင့်ပူးပေါင်းချိတ်ဆက်ပြီးဆောင်ရွက်သည်။ |
| လူရောဂါဖြစ်ပွါးမှု | နည်း | သွေးလွန်တုပ်ကွေး | ကလေးများအတွက်အန္တရာယ်ရှိ၊ဆုံးရှုံးမှုမရှိ၊အဖြစ်တော့များ၊ဆေးပစ္စည်းကိရိယာပေါများလာသည်။ |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသောသတင်းအချက်အလက်များ (၂-၄ရက်၊စက်တဘ်ာလ၊၂၀၁၅နှစ်) မှရယူပါသည်။

### လေ့လာတွေ့ရှိချက်

၁။ ကျေးရွာတွင် မိုးခေါင်ခြင်း၊ ရာသီဥတုဖောက်ပြန်ခြင်း၊ သီးနှံ၊ တိရစ္ဆာန်နှင့် လူများရောဂါများကျရောက်ခြင်းတို့ပိုများလာသည်။

၂။ သီးနှံအထွက် လျော့ခြင်း၊ သွင်းအားစုများ ပိုမိုအသုံးပြုရခြင်း၊ တိရိစ္ဆာန်များရောဂါကျရောက်ခြင်းတို့ကြောင့် တောင်သူများ စိုက်ပျိုးရေး၊ မွေးမြူရေးမှ အကျိုးအမြတ်နည်းသည်။

## ၂.၆။ပညာရေး

### ၂.၆.၁။ပညာရေးနှင့်စာတတ်မြောက်မှု

ဇယား (၂၇) ပညာရေးနှင့် စာတတ်မြောက်မှု

| ပညာရေး | ကျား | မ | ပေါင်း | ၆နှစ်နှင့်အထက်၊ကျောင်းနေလူဦးရေ ၏ % |
|---|---|---|---|---|
| လုံးဝကျောင်းမနေသူများ | ၇ | ၁၄ | ၂၁ | ၁.၂% |
| ဘာသာရေးအခြေပြုပညာရေး | ၃၄ | ၃၃ | ၆၇ | ၃.၇% |
| မူလတန်းပညာရေးပြီးဆုံးသူများ | ၃၃၉ | ၄၆၉ | ၈၀၈ | ၄၄.၉% |

| အခက်အခဲ | အန္တရာယ်ရှိမှု | ဖော်ပြချက်/ရှင်းလင်းချက် |
|---|---|---|
| ဖျက်ပိုးနှင့်ရောဂါကာကွယ် ထိန်းချုပ်မှု | ရှိ | ဘက်တီရီးယား၊နီမတုတ်ရောဂါကျရောက်မှုဆိုးရွား |
| ရေအရင်းအမြစ် | မရှိ | - |
| ငါးမျိုးကွဲများ | ရှိ | ငါးရံ့၊ဆလားဗီးယားများဖမ်းဆီးမှုများပြား၊ဘက်ထရီဖြင့် ရှော့တိုက်ခြင်း၊ငါးရှဉ့်များကိုကျဉ်စက်နှင့်တို့ဖမ်းခြင်း။ |
| အခြားတိရိစ္ဆာန်မျိုးကွဲများ | ရှိ | ရေဘဲ၊ရေကြက်၊စစ်စလီ၊ပုဇွန်လုံး၊ရေမြွေ၊မြွေပွေးရှားပါးလာ၊ ဖား၊တီကောင်များရှားပါးလာသည်။ |
| စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှု | ရှိ | စနစ်တကျစွန့်ပစ်ခြင်းမရှိ၊လယ်ကွင်းများ၊ရေမြောင်းများ တွင်အလွယ်တကူစွန့်ပစ် |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၂-၄ရက်၊စက်တဘာ်လ၊၂၀၁၅နှစ်) မှရယူပါသည်။

### လေ့လာတွေ့ရှိချက်

၁။ ကျေးရွာတွင် သဘာဝအရင်းအမြစ်များ စီမံခန့်ခွဲမှုများစွာ အားနည်းပြီး ရှားပါးမှု ဖြစ်ပေါ် လျက်ရှိသည်။

၂။ ငါးမျိုးများနှင့် အခြားတိရစ္ဆာန်များ ထိန်းသိမ်းမှု၊ စီမံခန့်ခွဲမှု အားနည်းပြီး သဘာဝ အရင်းအမြစ် ထိန်းသိမ်းမှု အန္တရာယ်ရှိသည်။

၃။ မြေဆီလွှာထိန်းသိမ်းမှုလည်း မရှိကြပါ။

၄။ ပိုးသတ်ဆေးဗူးခွံများကိုလည်း စနစ်တကျ စွန့်ပစ်ခြင်း မရှိသောကြောင့် ပတ်ဝန်းကျင် သန့်ရှင်းမှု နည်းလာသည်။

၅။ သစ်တောများလည်း ထုတ်ယူသုံးစွဲမှုများပြီး သစ်တောပြုန်းတီးလာသဖြင့် စိမ့်စမ်းရေထွက် များလည်း တဖြည်းဖြည်း ခမ်းခြောက်လာသည်။

### ၂.၅.၂။ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အခက်အခဲများနှင့် သဘာဝဘေးအန္တရာယ် လျှော့ချရေး အစီအမံများ

ဇယား (၂၆) သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အခက်အခဲများနှင့် သဘာဝဘေးအန္တရာယ် လျှော့ချ ရေး အစီအမံများ

| အမျိုးအစား | အန္တရာယ် ဖြစ်နိုင်ခြေ(နည်း/ လတ်/ များ) | ဖော်ပြချက်/ ရှင်းလင်းချက် | လက်ရှိဘေးအန္တရာယ်လျှော့ချ ရေးအလေ့အကျင့်များ |
|---|---|---|---|
| ရေလွှမ်းမိုးခြင်း | - | - | |
| မီးဘေး | - | မီးဘေးတစ်ခါတစ်ရံဖြစ် | မီးကင်းကိုကိုယ်ထူကိုယ်ထဖွဲ့ |

| ချေးငွေရရှိနိုင်သည့် နေရာ | ငွေကြေးဝန်ဆောင်မှု အမျိုးအစား | ပြန်လည်ပေးဆပ်ရမည့် ကာလ | အတိုးနှုန်း | အပေါင်စံပစ္စည်းလိုအပ်မှု | ချေးငွေရရန်အခက်အခဲများ |
|---|---|---|---|---|---|
| အဖွဲ့အလိုက်ငွေစု/ ငွေချေးအစီအစဉ် | | | | | |
| ငွေချေးပေးသူ | ဝမ်းစာရေး- စိုက်ပျိုးရေး - ကျန်းမာရေး | မသတ်မှတ် | ၈-၁၀ % | မရှိ | လိုသလောက်မရ၊ ယုံကြည်မှုရှိမှရ၊ ဆင်းရဲသားမရ။ |
| အပေါင်ဆိုင် | ပညာရေး ဝမ်းစာရေး- စိုက်ပျိုးရေး - ကျန်းမာရေး | (၃-၅)လ | (၃-၄)% ကျပ် | ရွှေထည် ပါမှရ | အတိုးနှုန်းများ ၁သိန်းတန်ရင် အများဆုံး ၄သောင်းပဲရ။ |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၂-၄ရက်၊စက်တဘ်ာလ၊၂၀၁၅နှစ်) မှရယူပါသည်။

**လေ့လာတွေ့ရှိချက်**

၁။ စိုက်ဘဏ်မှ တောင်သူ ၁၂၆ ဦးကို (၅၉၅) သိန်းငွေချေးပေးသည်။ ၁ဧကလျှင် ၁သိန်း ထုတ်ချေးပြီး၊ အတိုးနှုန်းမှာ (၄၁) ပြားတိုးဖြစ်ပြီး၆လ(သို့) ၈လကြာလျှင်ပြန်ဆပ်ရသည်။

၂။ သမချေးငွေမှာအဖွဲ့ဝင်၂၀ဦးရှိပြီး၊အတိုး၁.၅ကျပ်တိုးပေးရသည်။ အသင်းဝင်ကြေး(၃၀၀၀)ကျပ် ထည့်ဝင်ရပြီး (၆) လကြာလျှင်ပြန်ဆပ်ရသည်။

၃။ ပက်မြန်မာအဖွဲ့၁၄ရက်လျှင် တစ်ကြိမ် အချိုးကျပြန်ဆပ်ရပါသည်။ အသက် အာမခံငွေထားပေးသည်။ ကျန်းမာရေးအတွက်လည်း ထောက်ပံ့ပေးသည်။

## ၂.၅။ သဘာဝဘေးအန္တရာယ်လျှော့ချခြင်း အပါအဝင်ပါတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များစီမံခန့်ခွဲမှု

### ၂.၅.၁။ သဘာဝပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်စီမံခန့်ခွဲမှုအတွက် လက်ရှိအလေ့အကျင့်နှင့် အခက်အခဲများ

ဇယား(၂၅)သဘာဝပတ်ဝန်းကျင်နှင့်သဘာဝအရင်းအမြစ်စီမံခန့်ခွဲမှုအတွက်လက်ရှိအလေ့အကျင့်နှင့် အခက်အခဲများ

| အခက်အခဲ | အန္တရာယ်ရှိမှု | ဖော်ပြချက်/ရှင်းလင်းချက် |
|---|---|---|
| မြေဆီသြဇာကြွယ်ဝမှု | မရှိ | နွေစပါးမလုပ်တော့၍မြေဆီလွှာပြန်တက်လာသည်။ |
| အပင်မျိုးစိတ်များ | မရှိ | တောဆီးဖြူ၊ထိကရုန်း(ရေ၊ကုန်း)၊ကနဖော့၊စူးကလော့၊နွယ်ဖြူ၊ကုလားမုတ်ဆိတ်၊မြင်းခွာ၊ပိုမိုများပြားလာသည်။ |

၃။ အလုပ်အကိုင်အခွင့်အလမ်းနည်းပါးခြင်း၊ ပုံမှန်အလုပ်အကိုင်မရှိခြင်း၊ အချိတ်အဆက်၊ အဆက်အသွယ်နည်းပါးခြင်း။

၄။ ဆက်သွယ်ရေးအားနည်းခြင်းနှင့်သတင်းအချက်အလက်လက်လှမ်းမမီနိုင်ခြင်း။

## ၂.၃။ ကုန်စည်နှင့်ဝန်ဆောင်မှုဈေးကွက်

ဇယား(၂၃) ကုန်စည်နှင့် ဝန်ဆောင်မှုဈေးကွက်လက်လှမ်းမီမှုအခြေအနေ

| ဈေးကွက်လက်လှမ်းမှီမှု | အနီးဆုံးဈေး | အကြီးစားဈေးကွက် |
|---|---|---|
| ရွာမှအကွာအဝေး(ကီလိုမီတာ) | ပွင့်ဖြူ(၂မိုင်) | မကွေး(၃၀မိုင်) ပွဲရုံ |
| သယ်ယူပို့ဆောင်ရေးလမ်းကြောင်းနှင့်၎င်း၏အထောက်အပံ့များ | ကား | ကား |
| ကုန်စည်အမျိုးအစားနှင့်ဝန်ဆောင်ပေးနိုင်မှု | ဆန်၊ပဲ၊နှမ်း | ဆန်၊ပဲ၊နှမ်း |
| ဈေးအခြေခံအဆောက်အဦးနှင့်ဝန်ဆောင်မှု | တစ်ထပ်တိုက်တန်း၊ သွပ်မိုး | မြို့မဈေး၊နှစ်ထပ်တိုက်တန်း |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသောသတင်းအချက်အလက်များ (၂-၄ရက်၊စက်တင်ဘာလ၊၂၀၁၅နှစ်) မှရယူပါသည်။

### လေ့လာတွေ့ရှိချက်

၁။ စပါးနှင့်သီးနှံများကိုပွဲစား၊ကုန်သည်များမှကျေးရွာသို့လာရောက်ဝယ်ယူကြသည်။

၂။ အခြားသီးနှံများဖြစ်သောနှမ်း၊ ထောပတ်၊ ပဲကြီး၊ ပဲနောက်နှင့် အခြားလူသုံးကုန်ပစ္စည်းများ၊ စိုက်ပျိုးရေးဆေးပစ္စည်းများ၊အိမ်သုံးပရိဘောဂများကိုအများအားဖြင့်ပွင့်ဖြူနှင့်မင်းဘူးမြို့တွင်ရောင်းဝယ်ကြသည်။

၃။ သီးနှံဈေးကောင်းပိုရရန်မကွေးမြို့သို့တစ်ခါတစ်ရံသွားရောက်ရောင်းချကြသည်။

## ၂.၄။ ငွေကြေးလက်လှမ်းမှီမှုနှင့် ဘဏ်လုပ်ငန်း

ဇယား (၂၄) ငွေကြေးလက်လှမ်းမှီမှုနှင့် ဘဏ်လုပ်ငန်း

| ချေးငွေရရှိနိုင်သည့်နေရာ | ငွေကြေးဝန်ဆောင်မှုအမျိုးအစား | ပြန်လည်ပေးဆပ်ရမည့်ကာလ | အတိုးနှုန်း | အပေါင်ခံပစ္စည်းလိုအပ်မှု | ချေးငွေရရန်အခက်အခဲများ |
|---|---|---|---|---|---|
| အစိုးရဘဏ် | စိုက်ပျိုးရေးချေးငွေ | ၆ / ၈လ | ၄၁ပြား | မလို | - |
| အစိုးရဘဏ် ပုဂ္ဂလိကဘဏ် | သမချေးငွေ | ၆လ | ၁.၅ကျပ် | မလို | - |
| ပုဂ္ဂလိကအသေးစားချေးငွေဝန်ဆောင်မှုကဏ္ဍာ | ပက်မြန်မာ | ၆ လ။ | ၁.၅ ကျပ် | မလို၊ အဖွဲ့ဝင်သာချေး | ၁၄ ရက်တကြိမ် မဖြစ်မနေပြန်ဆပ်ကြရသည်။ |

လက်သမား ၊စက်ပြင်၊ စက်ချုပ်၊ ဝန်ထမ်း၊ ရွှေပြောင်းလုပ်သား၊ ဆံပင်ညှပ်၊ ခြင်းတောင်းယက် စသည့်လုပ်ငန်းမျိုးစုံတွင်လည်း မိသားစုဝင်ငွေအတွက် အလုပ်လုပ်ကိုင်ကြရသည်။

## စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးမှုလုပ်ငန်းများအတွက် အခွင့်အလမ်း၊ ပြဿနာနှင့် အခက်အခဲများ

ဇယား(၂၂) စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများအတွက် အခွင့်အလမ်း၊ ပြဿနာနှင့် အခက်အခဲများ

| အခွင့်အလမ်းများ | ပြဿနာနှင့်အခက်အခဲများ |
|---|---|
| Pact Myanmar မှချေးငွေရရှိသည်။ | ၁၄ ရက်တကြိမ် အရင်းအတိုးကို သတ်မှတ် ပမာဏအတိုင်း မဖြစ် မနေပြန်ဆပ်ရန် အခက်အခဲရှိပြီး ပြန်ဆပ်ချိန်တွင် တောင်သူကြီး များထံမှလုပ်အားကြိုတင်ငွေဖြင့် ပြန်ဆပ်ကြရသဖြင့် လုပ်အားဈေး ဈေးနှိမ်ခံရသည်။ |
ယခုကဲ့သို့ ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲခြင်းနှင့် စီမံဆောင်ရွက်စဉ် အစကနဦး ကာလတွင် အချိန်ပိုင်းအလိုက် လေ့လာစောင့်ကြည့်ခြင်းနှင့် အကဲဖြတ်ခြင်းဆိုင်ရာကဲ့သို့ နည်းပညာ အကူအညီများကို မြို့နယ်အဖွဲ့အစည်းများထံမှ လိုအပ်မည်ဖြစ်သည်။

သို့မှသာ ရည်ရွယ်သည့်အတိုင်း ကြီးကြပ်စစ်ဆေးအကဲဖြတ်သည့်လုပ်ငန်းကို ပြီးမြောက်အောင် ဆောင်ရွက်နိုင်ပါလိမ့်မည်။

လူထုဗဟိုပြု၍ အားလုံးပူးပေါင်းပါဝင်သော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် အကောင်အထည်ဖော်သောနည်းလမ်းကို လက်ကိုင်ကျင့်သုံးသည့်အလျောက် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို ကြီးကြပ်စစ်ဆေးသုံးသပ်ရာတွင် ကျေးရွာအတွင်းရှိအဖွဲ့အစည်းများ၊ အိမ်ထောင်စုများ တက်ကြွစွာပူးပေါင်းပါဝင်လာအောင် ဆောင်ရွက်ပါမည်။ ဤသို့ဆောင်ရွက်နိုင်ရန် သင့်တော်သော အဖွဲ့အစည်းစနစ်၊ လုပ်ထုံးလုပ်နည်းများတည်ဆောက်ပါမည်။

**(က) ကြီးကြပ်စစ်ဆေးခြင်း**

အထူးသဖြင့် ကျွန်ုပ်တို့သည် ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်၏ လုပ်ငန်းပိုင်းဆိုင်ရာ တိုးတက်မှု (physical progress) နှင့် ငွေကြေးဆိုင်ရာ တိုးတက်မှု(financial progress)တို့ကို စနစ်တကျ ကြီးကြပ်စစ်ဆေးပါမည်။ ၎င်းစစ်ဆေးခြင်းကို (၃)လပတ် အစီအစဉ်ဖြင့် ဆောင်ရွက်ပါမည်။ ကြီးကြပ်စစ်ဆေးခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ စီစဉ်မှုဖြင့် သက်ဆိုင်ရာစီမံချက်လုပ်ငန်းအလိုက် တာဝန်ယူဆောင်ရွက်နေသော အဖွဲ့အသီးသီးတို့က မိမိတို့ တာဝန်ကျရာ ကဏ္ဍအလိုက် စစ်ဆေး သုံးသပ်ပါမည်။

အဖွဲ့အသီးသီး၊ကော်မတီအသီးသီးသည် မိမိတို့၏ စီမံကိန်းဆိုင်ရာ ကနဦး သတင်းအချက်အလက်များ(Baseline) ရရှိအောင် ဆောင်ရွက်ကြပါမည်။ ယင်းအခြေခံ သတင်းအချက်အလက်များသည် စီမံကိန်း၏ တိုးတက်မှုကို တိုင်းတာမည့်အညွှန်းကိန်း(indicator)များ ဖြစ်ပါမည်။ (၃)လပတ် ကုန်ဆုံးချိန်တိုင်းတွင် ကော်မတီနှင့် အဖွဲ့အသီးသီးသည် ၎င်းတို့၏ ကြီးကြပ်စစ်ဆေးတွေ့ရှိမှု အစီရင်ခံစာ (monitoring report)ကို ရွာလူထုအစည်းအဝေး၌ အစီရင်ခံတင်ပြပါမည်။ ဆက်လက်ညှိနှိုင်း ဆောင်ရွက်ရမည့်ကိစ္စများကို ကျေးရွာဖွံ့ဖြိုးရေးကော်မတီက ဦးဆောင်ပါမည်။ (၃)လပတ် ကြီးကြပ်စစ်ဆေးမှု အစီရင်ခံစာသည် အောက်ပါအချက်များအပေါ် ဦးတည်ပါမည်။

**(၁) လုပ်ငန်းပိုင်းဆိုင်ရာတိုးတက်မှု (Physical progress)**

- စီမံကိန်းလုပ်ငန်းများလုပ်ငန်းပိုင်းတိုးတက်မှုနှင့် ပြီးမြောက်မှုအတိုင်းအတာ
- အကောင်အထည်ဖော်ရာတွင် ကြုံတွေ့ရသောအခက်အခဲအဟန့်အတားများနှင့် ပြုပြင်သင့်သောအဆိုပြုချက်များ၊
- ပြုပြင်ပြောင်းလဲဆောင်ရွက်ရန် လိုအပ်သော ဖွံ့ဖြိုးရေးဗျူဟာ နှင့် စီမံကိန်းများ၊

**(၂) ငွေကြေးဆိုင်ရာတိုးတက်မှု (Financial progress)**

- ငွေသားနှင့်ငွေသားမဟုတ်သော အရင်းအနှီးလိုအပ်ချက်များစုစည်းပြီးစီးမှု (မူလလျာထားချက်နှင့် နှိုင်းယှဉ်၍)၊
- (၃)လပတ်ကုန်တွင်ရှိသောငွေသားနှင့် အခြားပစ္စည်းလက်ကျန်၊

(ဂ) **ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ**

စီမံကိန်းလုပ်ငန်းများ၏ အသေးစိတ်လုပ်ငန်းအမျိုးအစား ဖော်ပြချက်တွင် တင်ဒါခေါ်ယူဆောင်ရွက်ရမည့် ကိစ္စများကိုလည်း တွေ့ရပါမည်။ ဤလုပ်ငန်း အမျိုးအစားများအတွက် အောက်ပါအဖွဲ့အစည်း/ပုဂ္ဂိုလ်များ၏ ပါဝင်မှုမှာ အမှန်ပင် လိုအပ်ပါမည်။

- ဆောက်လုပ်ရေး၊ ကြီးကြပ်ရေးစသည့် လုပ်ငန်းများအတွက် ကန်ထရိုက်များ
- စိုက်ပျိုးရေး၊ မွေးမြူရေးစသည့် သင်တန်းများအတွက် နည်းပညာဆိုင်ရာနှင့် စီမံခန့်ခွဲမှုဆိုင်ရာ ဝန်ဆောင်မှုပေးသည့် အဖွဲ့များ (နိုင်ငံတကာဖွံ့ဖြိုးမှု အဖွဲ့အစည်းများ၊ ဒေသဖွံ့ဖြိုးရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကအဖွဲ့အစည်းများ၊ လူထုအဖွဲ့အစည်းများ)
- ကန်ထရိုက်နှင့်ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများက စီမံကိန်းလုပ်ငန်းတွင် ဖော်ပြထားသော သတ်သတ်မှတ်မှတ်ကိစ္စများကိုသာ ကြီးကြပ်မှုပေးမည်ဖြစ်ပြီး လုပ်ငန်းတစ်ခုလုံး လွှမ်းခြုံကြီးကြပ်ရန် တာဝန်မှာ ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးကော်မတီက တာဝန်ပေးထားသောအဖွဲ့၏ တာဝန်သာဖြစ်ပါသည်။ အချို့ကိစ္စများတွင် ကြီးကြပ်ရေးတာဝန်မှာ မြို့နယ်သက်ဆိုင်ရာဦးစီးဌာနက တာဝန်ယူပါမည်။ ဤကိစ္စမျိုးတွင် ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် တာဝန်ပေးထားသောကော်မတီကို ဦးဆောင်၍ မြို့နယ်ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့် နီးနီးကပ်ကပ် ပူးပေါင်းဆောင်ရွက်ပါမည်။

(ဃ) **ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန်နှင့် ပြုပြင်ထိန်းသိမ်းရန်အတွက် အဖွဲ့အစည်းဆိုင်ရာ အစီအစဉ်များနှင့် ငွေကြေးဆိုင်ရာ အစီအမံများ**

ကျွန်ုပ်တို့ကော်မတီအနေဖြင့် လုပ်ငန်းတစ်ခုချင်းစီအတွက် ရေရှည်တည်တံ့ရေး အစီအစဉ်များထားရှိမည်။ ဥပမာအားဖြင့် တံတားဆောက်လုပ်ခြင်းလုပ်ငန်းတွင် အသုံးပြုသူများထံမှ အသုံးပြုခကောက်ခံခြင်း၊ စေတနာအလျောက်ထည့်ဝင်လိုသူများထံမှ အလှူငွေကောက်ခံခြင်းတို့ ဆောင်ရွက်မည်။ ထို့အပြင် တံတားပေါ်ဖြတ်သန်းသွားလာ သယ်ယူမည့်ပစ္စည်းများ၏ပမာဏကို ကန့်သတ်ခြင်းကဲ့သို့သော စည်းကမ်းများ သတ်မှတ်မည်။

ဖွံ့ဖြိုးရေးလုပ်ငန်းများ ရေရှည်တည်တံ့ရေးအတွက် လုပ်ငန်းအလိုက် သက်ဆိုင်ရာကော်မတီအဖွဲ့အား တာဝန်အပ်နှင်းဆောင်ရွက်မည် ဖြစ်ပါသည်။ ဥပမာအားဖြင့် တံတားပြုပြင်ထိန်းသိမ်းရေးအတွက် လမ်းကော်မတီ၊ စာသင်ကျောင်း ပြုပြင်ထိန်းသိမ်းရေးအတွက် မိဘဆရာအသင်း စသည်ဖြင့် ဆောင်ရွက်ပါမည်။

## ၁၁။ စီမံကိန်း ကြီးကြပ်စစ်ဆေးခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်း

ကျေးရွာ၏ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် အကောင်အထည်ဖော်ရာတွင် တိုးတက်မှုအခြေအနေများအား စနစ်တကျကြီးကြပ်စစ်ဆေးအကဲဖြတ်ကြပါမည်။ အစကနဦး၌ ကြီးကြပ်စစ်ဆေးအကဲဖြတ်ခြင်းလုပ်ငန်းကို ရိုးရှင်းလွယ်ကူသောနည်းလမ်းများဖြင့် ဆောင်ရွက်ပါမည်။

| စဉ် | စီမံကိန်း | ရန်ပုံငွေ | ရင်းနှီးငွေအမျိုးအစားခွဲခြားခြင်း | | | |
|---|---|---|---|---|---|---|
| | | | | ငွေလုံးငွေရင်းအသုံးစရိတ် | | လုသားချင်း စာနာမှုဆိုင်ရာ ထောက်ပံ့မှု |
| | | | သာမန်အသုံးစရိတ် | ငွေလုံးငွေရင်းအသုံးစရိတ် | စွမ်းဆောင်ရည်မြှင့်တင်ရေး | |
| ၉ | ကလေးပျော်ကျောင်းဝန်းကျင်ဖန်တီးခြင်း | | | √ | | |
| ၁၀ | လူငယ်ဖွံ့ဖြိုးရေး | | | √ | | |

## ၁၀။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို ကျေးရွာလူထုက ဦးဆောင်အကောင်ထည်ဖော်မည်ဖြစ်သဖြင့် လုပ်ငန်းအောင်မြင်ရေးနှင့် ရည်မှန်းချက်များသို့ ရောက်ရှိရေးမှာ ကျေးရွာတွင် တာဝန်ရှိပါသည်။

### (က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင် ပါဝင်သော စီမံကိန်းလုပ်ငန်းများကို အထိရောက်ဆုံး အကောင်အထည်ဖော်ရန်တာဝန်မှာ ကျွန်ုပ်တို့ကျေးရွာလူထု၏ တာဝန်ဖြစ်ပါသည်။ ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် ပေါင်းစပ်ညှိနှိုင်းရေးနှင့် စီမံခန့်ခွဲရေးတာဝန်ကိုအဓိကယူပါမည်။ အဖွဲ့အစည်းအသီးသီး၊ ကော်မတီအသီးသီးအား တာဝန်များခွဲဝေအပ်နှင်း၍ သက်ဆိုင်ရာစီမံကိန်းများ ဆောင်ရွက်နိုင်ရန်ဦးဆောင်ပါမည်။ ဥပမာ-မိဘဆရာအသင်းသည်။ ကျေးရွာမူလတန်းကျောင်း၏ ပညာရေးအရည်အသွေးကောင်းမွန်တိုးတက်ရန် တာဝန်ယူဆောင်ရွက်စေ၍ လယ်သမားအဖွဲ့က ကျေးရွာလယ်ယာကုန်ထုတ်လမ်းအဆင့်မြှင့်ခြင်းလုပ်ငန်းကို တာဝန်ယူဆောင်ရွက်စေခြင်းဖြစ်ပါသည်။

### (ခ) ဖွံ့ဖြိုးရေးမိတ်ဖက် အဖွဲ့အစည်း

ကျွန်ုပ်တို့ ကျေးရွာကော်မတီအဖွဲ့များက ဖွံ့ဖြိုးရေးစီမံကိန်းများ အကောင်အထည်ဖော်ရာတွင် ဦးဆောင်စီမံခန့်ခွဲမှု တာဝန်ယူဆောင်ရွက်သော်လည်း အခြားသောဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့များကိုလည်း ရှာဖွေဆက်သွယ် ပူးပေါင်းရန်လိုပါမည်။ ကျွန်ုပ်တို့ ကိုယ်တိုင်မတတ်နိုင်သော အကူအညီများ ရယူဆောင်ရွက်ရန်ဖြစ်ပါသည်။ ဥပမာမိဘဆရာအသင်းသည် မူလတန်းပညာရေးသင်ကြားမှု အရည်အသွေးတိုးတက်ရေးဆောင်ရွက်ရန် မြို့နယ်ပညာရေးဌာနနှင့် ချိတ်ဆက်ညှိနှိုင်း ဆောင်ရွက်ရပါမည်။ လယ်သမားအဖွဲ့အစည်းကလည်း လယ်ယာကုန်ထုတ်လုပ်ငန်း အထောက်အကူပြုလမ်း အဆင့်မြှင့်တင်ရန် မြို့နယ်ဆောက်လုပ်ရေးဦးစီးဌာနနှင့်ဆက်သွယ်၍ အင်ဂျင်နီယာဒီဇိုင်းပုံစံနှင့် တွက်ချက်မှုဆိုင်ရာ အကူအညီများရယူရပါမည်။

ရှိရန် လိုအပ်ပါသည်။စီမံချက်များ အကောင်အထည်ဖော်ဆောင်ရွက်ရန် ဦးစားပေးသတ်မှတ်ရာတွင် ဘတ်ဂျက်၊ ငွေကြေးရရှိနိုင်မှုအပေါ် အခြေခံပြီး နှစ်စဉ်ပြုပြင်ပြောင်းလဲနိုင်သည်။ ဒေသအတွင်း ဖြစ်ပေါ်လာသော ဖွံ့ဖြိုးရေးလိုအပ်ချက်၊ သဘာဝဘေးအန္တရာယ်၊ အခြားအရေးပေါ်ကိစ္စရပ်များနှင့် အစိုးရဘတ်ဂျက်များအပေါ်မူတည်၍ ဦးစားပေးအစီအစဉ်များကို ပြောင်းလဲရန်ဖြစ်ပါသည်။ ကျေးရွာလူထုမှ ငါးနှစ်တာကာလအတွက် ရေးဆွဲထားသော ဖွံ့ဖြိုးရေးရည်မှန်းချက်မူဘောင်တွင် နှစ်အလိုက် အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များအတွက် ပြင်ဆင်ရမည်ဖြစ်သည်။

အောက်ပါဇယားတွင် ဖော်ပြထားသော စီမံချက်အလိုက် ဘတ်ဂျက်ပမာဏများသည် ရည်ညွှန်း နမူနာ (indicative)အဖြစ် ကိုးကားရန် ပမာဏသာဖြစ်ပါသည်။ အမှန်တကယ် လိုအပ်သော ဘတ်ဂျက်ပမာဏတွက်ချက်နိုင်ရန် အသေးစိတ်ဆက်လက်၍ ဆောင်ရွက်ရမည် ဖြစ်ပါသည်။ ယင်းသို့ဆောင်ရွက်နိုင်ရန် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကော်မတီသည် မြို့နယ်အဆင့် ဌာနဆိုင်ရာ များ၊ အဖွဲ့အစည်းများနှင့် လုပ်ငန်းရှင်များထံမှ နည်းပညာအကူအညီများ ရရှိရန်လည်း လိုအပ် ပါသည်။ဖော်ပြထားသော ရည်ညွှန်းဘတ်ဂျက်ပမာဏတွင် ကျေးရွာလူထု၏ ငွေသားမဟုတ်သော ထည့်ဝင်မှုများကို ထည့်သွင်းဖော်ပြထားခြင်း မရှိပါ။ (ငွေသားမဟုတ်သောထည့်ဝင်မှု၊ ဥပမာ - လုပ်အား၊ သဲ၊ကျောက်၊ ပစ္စည်းကိရိယာ၊အချိန် စသည်)

**စီမံချက် ဘတ်ဂျက်**

| စဉ် | စီမံကိန်း | ရန်ပုံငွေ | ရင်းနှီးငွေအမျိုးအစားခွဲခြားခြင်း | | | |
|---|---|---|---|---|---|---|
| | | | သာမန်အသုံးစရိတ် | ငွေလုံးငွေရင်းအသုံးစရိတ် | | လူသားချင်းစာနာမှုဆိုင်ရာထောက်ပံ့မှု |
| | | | | ငွေလုံးငွေရင်းအသုံးစရိတ် | စွမ်းဆောင်ရည်မြင့်တင်ရေး | |
| ၁ | ငွေကြေးအရင်းအနှီးရရှိရေး | | | √ | | |
| ၂ | လျှပ်စစ်မီးရရှိရေး | | | √ | | |
| ၃ | လမ်းပန်းဆက်သွယ်ရေးတိုးတက်ကောင်းမွန်ရေး | | | √ | | |
| ၄ | ကျန်းမာရေးကဏ္ဍတိုးတက်ကောင်းမွန်ရေး | | | √ | | |
| ၅ | စိုက်ပျိုးထုတ်လုပ်မှုတိုးတက်မြင့်မားလာရေး | | | √ | √ | |
| ၆ | တိရစ္ဆာန်မွေးမြူရေးတိုးတက်လုပ်ကိုင်လာနိုင်အောင်ဆောင်ရွက်ခြင်း | | | √ | √ | |
| ၇ | ကော်မတီဦးဆောင်မှု၊စွမ်းဆောင်ရည်မြင့်သင်တန်း | | | | √ | |
| ၈ | လုပ်ငန်းအခွင့်အလမ်းများလက်လှမ်းမီမှုတိုးတက်အောင်ဆောင်ရွက်ခြင်း | | | | √ | |

ဇယား ၃ ကျေးရွာ၏ စိုက်ပျိုးမြေ ပိုင်ဆိုင်မှု

ဇယား ၄ ဓာတ်သတ္တုနှင့် အခြားသဘာဝ အရင်းအမြစ်များ

ဇယား ၅ ဥစ္စာဓန အဆင့် အခြေအနေ

ဇယား ၆ ကျေးရွာ၏ ဝမ်းစာဖူလုံမှု အခြေအနေ

ဇယား ၇ ကူညီ စောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှုအခြေအနေ

ဇယား ၈ ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား ၉ ထိခိုက်သက်ရောက်မှု ခံရနိုင်သည့် အုပ်စု


**(၂) ကဏ္ဍအသီးသီး၏ လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ**


ဇယား ၁၀ ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

ဇယား ၁၁ ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

ဇယား ၁၂ ကျေးရွာ၏ စိုက်ပျိုးမြေ ပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု

ဇယား ၁၃ ကျေးရွာ၏ ရေအရင်းအမြစ် နှင့် ရေသွင်းဧရိယာ

ဇယား ၁၄ အဓိကသီးနှံများ နှင့် အထွက်နှုန်း

ဇယား ၁၅ ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု

ဇယား ၁၆ သီးနှံထုတ်လုပ်မှု တိုးစေရန်အတွက် အခွင့်အလမ်းများ

ဇယား ၁၇ သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ

ဇယား ၁၈ မွေးမြူရေးနှင့်ငါးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေ

ဇယား ၁၉ မွေးမြူရေးကဏ္ဍ ထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများ

ဇယား ၂၀ မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ

ဇယား ၂၁ စိုက်ပျိုးမွေးမြူရေး မဟုတ်သော အသက်မွေးလုပ်ငန်းများ

ဇယား ၂၂ စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများ အတွက် အခွင့်အလမ်း၊ ပြဿနာနှင့်အခက်အခဲများ

ဇယား ၂၃ ကုန်စည် နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမီမှု အခြေအနေ

ဇယား ၂၄ ငွေကြေးလက်လှမ်းမီမှု နှင့် ဘဏ်လုပ်ငန်း

ဇယား ၂၅ သဘာဝပတ်ဝန်းကျင်နှင့် သဘာဝ အရင်းအမြစ် စီမံခန့်ခွဲမှု အတွက် လက်ရှိ အလေ့အကျင့် နှင့် အခက်အခဲများ

ဇယား ၂၆ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အခက်အခဲများနှင့် သဘာဝဘေးအန္တရာယ် လျှော့ချရေး အစီအမံများ

ဇယား ၂၇ မူလတန်း၊ အလယ်တန်း၊ အထက်တန်း နှင့် တက္ကသိုလ်ပညာ ပြီးစီးမှုနှုန်း

ဇယား ၂၈ ကျောင်းအပ်နှုန်း

ဇယား ၂၉ စာသင်ကျောင်းဆောင် အခြေအနေ

ဇယား ၃၀ ပညာရေး အခက်အခဲ နှင့် ပြဿနာများ

### (ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ

ကျေးရွာလူထုက ဖော်ထုတ်ရေးဆွဲထားသော ဦးစားပေးစီမံချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရန် စီမံကိန်းကာလကို ကွင်းဆင်းဆောင်ရွက်ချက်များအား အခြေခံ၍ ရေးဆွဲထားပါသည်။ ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းကာလများကို နှစ်စဉ်ပြုပြင်ရေးဆွဲပါမည်။ စီမံကိန်းကာလအပိုင်းအခြားကို အောက်ပါဇယားတွင် ဖော်ပြထားပါသည်။

| စဉ် | စီမံကိန်း | ဦးစားပေးအဆင့် | ကာလ ၂၀၁၆ | ၂၀၁၇ | ၂၀၁၈ | ၂၀၁၉ | ၂၀၂၀ | မှတ်ချက် |
|---|---|---|---|---|---|---|---|---|
| ၁ | ငွေကြေးအရင်းအနှီးရရှိရေး | ၁ | - | - | - | | | |
| ၂ | လျှပ်စစ်မီးရရှိရေး | ၂ | - | | | | | |
| ၃ | လမ်းပန်းဆက်သွယ်ရေးတိုးတက်ကောင်းမွန်ရေး | ၃ | | - | | | | |
| ၄ | ကျန်းမာရေးကဏ္ဍတိုးတက်ကောင်းမွန်ရေး | ၄ | - | - | - | | | |
| ၅ | စိုက်ပျိုးထုတ်လုပ်မှုတိုးတက်မြင့်မားလာရေး | ၅ | - | - | - | | | |
| ၆ | တိရစ္ဆာန်မွေးမြူရေးတိုးတက်လုပ်ကိုင်နိုင်အောင်ဆောင်ရွက်ခြင်း | ၆ | - | - | - | | | |
| ၇ | ကော်မတီဦးဆောင်မှုစွမ်းဆောင်ရည်မြှင့်တင်ခြင်း | ၇ | - | - | - | - | - | |
| ၈ | လုပ်ငန်းအခွင့်အလမ်းများလက်လှမ်းမီမှုတိုးတက်ရေး | ၈ | - | - | - | - | - | |
| ၉ | ကလေးပျော်ကျောင်းဝန်းကျင်ဖန်တီးခြင်း | ၉ | | - | - | | | |
| ၁၀ | လူငယ်ဖွံ့ဖြိုးရေး | ၁၀ | | - | - | - | - | |

### (၉) ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာ အစီအစဉ်

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် စီမံကိန်းတွင်ပါဝင်သော အကောင်အထည်ဖော်ဆောင်ရွက်မည့်လုပ်ငန်းများအတွက် ဦးစားပေးဆောင်ရွက်မည့် လုပ်ငန်းများကို ဖော်ထုတ်ပြီးဖြစ်ပါသည်။ စီမံကိန်းများနှင့်ဆိုင်သော အကြောင်းအရာများကို လုပ်ငန်းတစ်ခုချင်းစီအလိုက် အသေးစိတ်ဖော်ပြထားပါသည်။ ၎င်းထဲတွင် စီမံချက်၏ရည်ရွယ်ချက်၊ အကျိုးခံစားသူဦးရေ၊ အကောင်အထည်ဖော်ဆောင်ရွက်မည့်ပုံစံနှင့်အစီအစဉ်၊ စီမံချက်အကောင်အထည်ဖော် ဆောင်ရွက်မည့်ကာလ၊ အခြေခံအဆောက်အဦကို ပြုပြင်ထိန်းသိမ်းမည့်ဘတ်ဂျက်နှင့် ငွေရေးကြေးရေးအစီအစဉ်များပါဝင်ပါသည်။ အချို့သောစီမံချက်များကို ဆောင်ရွက်ရာတွင် နည်းပညာဆိုင်ရာ အသေးစိတ်အထောက်အပံ့များကို မြို့နယ်အဆင့် အစိုးရဌာနများနှင့် အခြားအဖွဲ့အစည်းများထံမှ ပြည့်ပြည့်ဝဝ

| ကဏ္ဍ / အကြောင်းအရာ | စီမံကိန်း | ရမှတ်ပေါင်း | အဆင့် | စီမံကိန်း အခွင့်အလမ်း နှင့် ဖော်ပြချက် | မှတ်ချက် |
|---|---|---|---|---|---|
| **လျှပ်စစ်ဓာတ်အားသုံးစွဲ ရေး** | | | | | |
| | ကျေးရွာလျှပ်စစ်မီးလင်းရေးဆောင်ရွက်ခြင်း | ၈၅ | ၂ | • အိမ်ခြေ၁၅၀လျှပ်စစ်မီးလုံလောက်စွာရရှိရေး | ကျေးလက် ဦးစီး |

| ကဏ္ဍ / အကြောင်းအရာ | စီမံကိန်း | ရမှတ်ပေါင်း | အဆင့် | စီမံကိန်း အခွင့်အလမ်း နှင့် ဖော်ပြချက် | မှတ်ချက် |
|---|---|---|---|---|---|
| **ဘဏ် နှင့် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း** | | | | | |
| | ချေးငွေ လက်လှမ်း မီရေး | ၉၀ | ၁ | • အစိုးရဘဏ်များ၊ ပုဂ္ဂလိကဘဏ်များနှင့် အသေးအစားချေးငွေအဖွဲ့အစည်းများထံမှ ငွေကြေးဝန်ဆောင်မှုများ လက်လှမ်းမီရေးအတွက် ဆောင်ရွက်ခြင်း<br>• ကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေး လည့်ပတ် ရန်ပုံငွေများတည်ထောင်ခြင်း | • |
| **ပညာရေး** | | | | | |
| | ကလေးပျော်ကျောင်းဝန်းကျင်ဖန်တီးခြင်း | ၇၃ | ၉ | • စာသင်ကျောင်းဆောင်များပြုပြင်ခြင်း<br>• စာသင်ကျောင်းပရိဘောဂဝယ်ယူရေး | • |
| **ကျန်းမာရေး** | | | | | |
| | ကျေးရွာ၏ ကျန်းမာရေးကဏ္ဍ တိုးတက်လာစေရေး | ၈၁ | ၄ | • ကျေးရွာလူထု၏ အခြေခံကျန်းမာရေး အသိများမြှင့်တင်ခြင်း | • |
| **လမ်းပန်း ဆက်သွယ်ရေး** | | | | | |
| | လမ်း၊ တံတား ကောင်းမွန် လာစေရေး | ၈၃ | ၃ | • ကုန်ထုတ်လမ်းနှင့် တံတားပြုပြင်ရေး | ကျေး လက် ဦးစီး |
| **ယဉ်ကျေးမှု၊ လူငယ်နှင့် အားကစား** | | | | | |
| | လူငယ်များ စွမ်း ဆောင်ရည် တိုးတက် လာစေရေး | ၇၀ | ၁၁ | • လူငယ်ဖွံ့ဖြိုးရေးစီမံကိန်းများဆောင်ရွက်ခြင်း | • |

| ကဏ္ဍ / အကြောင်းအရာ | စီမံကိန်း | ရမှတ်ပေါင်း | အဆင့် | စီမံကိန်း အခွင့်အလမ်း နှင့် ဖော်ပြချက် | မှတ်ချက် |
|---|---|---|---|---|---|
| **မွေးမြူရေး** | | | | | |
| | တိရိစ္ဆာန်မွေးမြူရေးတိုးတက်လုပ်ကိုင်နိုင်အောင် ဆောင်ရွက်ခြင်း | ၇၈ | ၆ | • တိရစ္ဆာန်မွေးမြူကုသရေးဆိုင်ရာဝန်ဆောင်မှုများ လက်လှမ်းမီအောင်ဆောင်ရွက်ခြင်း<br>• တစ်ပိုင်တစ်နိုင်ကြေးတိုးနွားမွေးမြူခြင်း<br>• တစ်ပိုင်တစ်နိုင်ဥစားကြက်၊ အသားစားကြက် မွေးမြူခြင်း<br>• တစ်ပိုင်တစ်နိုင်ဆိတ်မွေးမြူခြင်း<br>• ငါးစမ်းသပ်မွေးမြူရေး | • |
| **အခြား ဝင်ငွေရ လုပ်ငန်းများ** | | | | | |
| | လုပ်ငန်းအခွင့်အလမ်းများ လက်လှမ်းမီမှုတိုးတက်အောင်ဆောင်ရွက်ခြင်း | ၇၄ | ၈ | • အသက်မွေးဝမ်း ကျွမ်းကျင်သူများ မွေးထုတ်ပေးရန်နှင့် လေ့လာရေး အစီအစဉ်များ ပြုလုပ်ပေးခြင်း<br>• အသေးစား စက်ရုံများတည်ထောင်ခြင်းနှင့် အလုပ်အကိုင်အခွင့် အလမ်းများ ဖန်တီးပေးရန်။<br>• ကုန်ကြမ်းမှ ကုန်ချော ထုတ်လုပ်ခြင်း<br>• ပုဂ္ဂလိက ကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေခြင်း။ | • |

ကျေးရွာဖွံ့ဖြိုးရေးအစည်းအဝေးတွင် သဘောတူသတ်မှတ်ထားသော ဦးစားပေးစီမံချက်များမှာ-

| ကဏ္ဍ / အကြောင်းအရာ | စီမံကိန်း | ရမှတ်ပေါင်း | အဆင့် | စီမံကိန်း အခွင့်အလမ်း နှင့် ဖော်ပြချက် | မှတ်ချက် |
|---|---|---|---|---|---|
| အုပ်ချုပ်ရေး ကဏ္ဍ | | | | | |
| | အဖွဲ့အစည်းဆိုင်ရာ စီမံခန့်ခွဲမှုစွမ်းရည်များတိုးတက်ရေး | ၇၅ | ၇ | • ကျေးရွာဖွံ့ဖြိုးရေး ကော်မတီ ဖွဲ့စည်းဆောင်ရွက်ခြင်း<br>• အလုပ်အမှုဆောင် ကော်မတီများ ဖွဲ့စည်းခြင်း<br>• ခေါင်းဆောင်မှု နှင့် ငွေကြေး စီမံခန့်ခွဲမှု သင်တန်းများ စီစဉ်ခြင်း<br>• အဖွဲ့အစည်းဆိုင်ရာအုပ်ချုပ်ရေးနှင့်စီမံခန့်ခွဲရေး သင်တန်းများ စီစဉ်ခြင်း | • ကျေး လက် ဦးစီး |
| စိုက်ပျိုးရေး ကဏ္ဍ | | | | | |
| | စိုက်ပျိုးထုတ်လုပ်မှုအကျိုးအမြတ်ပိုမိုရရှိလာရေး | ၈၀ | ၅ | • စပါးမျိုးကောင်းမျိုးသန့် ထုတ်လုပ်ရေး<br>• ရေမြောင်းများပြုပြင်ရေး<br>• လယ်ယာသုံးစက်ကိရိယာများ ပြည့်စုံစွာအသုံးပြုနိုင်ရေး<br>• သီးနှံစိုက်ပျိုးရေးအတွက် စက်ရေတွင်းများတူးဖော်ရေး<br>• စပါးမျိုးကောင်းမျိုးကောင်းမျိုးသန့်များစိုက်ပျိုးနိုင်ရေး<br>• စိုက်ပျိုးရေးနည်းပညာဝန်ဆောင်မှုများ လက်လှမ်းမီရေး | • |

ရွေးချယ်ဖွဲ့စည်းလိုက်သော ကျေးရွာဖွံ့ဖြိုးရေးကော်မတီ(၁၁)ဦးကဦးစားပေးရမည့် စီမံချက်များကို အမှတ်ပေးရွေးချယ်ကြပြီး ကျန်ရွာသူရွာသားများက ဦးစားပေးလုပ်ငန်းများရွေးချယ်ခြင်းကို အတည်ပြုပေးကြပါသည်။ အချို့သော စီမံချက်များကို ဆောင်ရွက်ရာတွင် နည်းပညာဆိုင်ရာ အသေးစိတ် အထောက်အပံ့များကို မြို့နယ်အဆင့်အစိုးရဌာနများနှင့် အခြားအဖွဲ့အစည်းများထံမှ ပြည့်ပြည့်ဝဝ ရရှိရန် လိုအပ်ပါသည်။

အင်ပင်လှကျေးရွာ၏ ဦးစားပေးစီမံကိန်းများကို ကျေးရွာတွင် ရှာဖွေတွေ့ရှိချက်များ၊ လိုအပ်ချက်များကို အခြေခံ၍ ကျေးရွာလူထုပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ဖော်ထုတ်ခဲ့ကြပါသည်။ ဦးစားပေးစီမံကိန်းများကို အောက်ပါဇယားတွင် ဖော်ပြထားပါသည်။

နည်းဗျူဟာသည် အနည်းနှင့်အများ ပြောင်းလဲမှုရှိမည် မဟုတ်သော်လည်း စီမံကိန်း ငါးနှစ်တာအတွင်း ထပ်တိုး စီမံချက်များအား ရှိလာနိုင်ပါသည်။

ထို့ကြောင့် ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် နှစ်အလိုက် ဘဏ္ဍာရေးနှင့် ငွေကြေးစီမံမှုဆိုင်ရာ ရွေးချယ်ခြင်း၊ အစီအစဉ်နှင့် စီမံချက်များအား ပြုပြင်မွမ်းမံနိုင်ခြင်းတို့ကို ပြုပြင်ရ လွယ်ကူစေရန်ဦးတည်ပါသည်။ ဒေသတွင်းဖြစ်ပေါ်လာသောဖွံ့ဖြိုးရေးလိုအပ်ချက်၊ သဘာဝဘေးအန္တရာယ်၊ အခြားအရေးပေါ်ကိစ္စများနှင့်အစိုးရဘတ်ဂျက်များအပေါ်မူတည်၍ဦးစားပေးအစီအစဉ်များကိုပြောင်းလဲရန်ဖြစ်ပါသည်။ သို့ဖြစ်၍ ကျွန်ုပ်တို့ငါးနှစ်တာအတွက် ရေးဆွဲထားသောဖွံ့ဖြိုးရေး ရည်မှန်းချက် မူဘောင်တွင် နှစ်အလိုက်အကောင်အထည်ဖော်ဆောင်ရွက်မည့်နှစ်ပတ်လည် **ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို** ပြင်ဆင်ရမည်ဖြစ်ပါသည်။

### (ခ) ကဏ္ဍနှင့် ရင်းနှီးမြှုပ်နှံမှုကိုအခြေခံ၍ စီမံချက်အုပ်စုသတ်မှတ်ခြင်း

အစီအစဉ်နှင့် စီမံချက်များအားကဏ္ဍနှင့် ရင်းနှီးမြှုပ်နှံမှုကိုအခြေခံ၍ စီမံချက်အုပ်စုသတ်မှတ်ခြင်းသည် စီမံကိန်းဆိုင်ရာအချက်အလက်များ ခွဲခြမ်းသုံးသပ်ရာတွင် များစွာအထောက်အကူပြုပါမည်။ Functional classification သည် ဝန်ကြီးဌာန၊ ဦးစီးဌာနများအတွက် ၎င်းတို့နှင့်သက်ဆိုင်သော စီမံချက်များကို သိရှိနားလည်ရန် အထောက်အကူပြုပါမည်။ Economic classification သည် စီမံချက်များ၏ အကျိုးရလဒ် ဖြစ်ထွန်းမှုများအား အကဲဖြတ်သုံးသပ်ခြင်း လုပ်ငန်းများ ဆောင်ရွက်ရေးအတွက် လိုအပ်ပါသည်။

**ကဏ္ဍကိုအခြေခံ၍ စီမံချက်အုပ်စုသတ်မှတ်ခြင်း (Functional Classification)**

ဆောင်ရွက်မည့်စီမံချက်နှင့်စီမံချက်ဘတ်ဂျက်သည်(က)မည်သည့်ကဏ္ဍအောက်တွင်(ဥပမာ - စိုက်ပျိုးရေး၊လျှပ်စစ်ကဏ္ဍစသည်)၊(ခ)မည်သည့်ဝန်ကြီးဌာနနှင့်သက်ဆိုင်သည် စသည်ဖြင့် ခွဲခြားသတ်မှတ်နည်းဖြစ်ပါသည်။

**ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကို အခြေခံ၍ အုပ်စုသတ်မှတ်ခြင်း (Economic Classification)**

စီမံချက်ဘတ်ဂျက်အမျိုးအစားသည် မည်သည့်ရင်းနှီးမြှုပ်နှံမှု အမျိုးအစား ဖြစ်သည်ကို ဖော်ပြထားပြီး ၎င်းတွင်

- သာမန်အသုံးစရိတ်
- ငွေလုံးငွေရင်းအသုံးစရိတ်၊
- စွမ်းဆောင်ရည်မြှင့်တင်ရေးအသုံးစရိတ်
- လူသားချင်းစာနာမှုဆိုင်ရာ အထောက်အပံ့တို့ ပါဝင်သည်။

### (ဂ) ဦးစားပေးစီမံချက်များ

ကျေးရွာဖွံ့ဖြိုးရေး အစည်းအဝေးတွင် အုပ်စုဖွဲ့ဆွေးနွေးမှုများမှကျေးရွာတွင် ဆောင်ရွက်သင့်သည့် လုပ်ငန်းခေါင်းစဉ်များထွက်ရှိလာပါသည်။ ယင်းလုပ်ငန်းများအနက်ရွာသူရွာသားများမှ အများသဘောတူ

တည်ထောင်ခြင်းဖြင့် ထွက်ကုန်များကိုတန်ဖိုးမြှင့်ခြင်း၊ မြေယာမဲ့နှင့် လူငယ်များအား အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးခြင်းများ လိုအပ်ပါသည်။

ထို့အပြင် အသက်မွေးဝမ်းကျောင်းဆိုင်ရာ နည်းပညာသင်တန်းများ စီစဉ်ပေးခြင်းဖြင့် အသက်မွေးဝမ်းကျောင်း အခွင့်အလမ်းများကို ဖန်တီးပေးရုံသာမက ကျေးရွာများအလိုက် ပြောင်းလဲလုပ်ကိုင်ရန် လိုအပ်သောလုပ်ငန်းများ၊ ဖွံ့ဖြိုးတိုးတက်လာဖွယ်ရှိသော ဝန်ဆောင်မှု လုပ်ငန်းများစသည်တို့အတွက် လိုအပ်သောကျွမ်းကျင်မှုအသစ်များအလိုက် စွမ်းဆောင်ရည်မြှင့်တင်ခြင်းများဖြင့် ချိတ်ဆက်ရန်လိုအပ်ပါသည်။ သက်ဆိုင်ရာ ဦးစီးဌာနများ၊ အဖွဲ့အစည်းများအနေဖြင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို ဈေးငွေအစီအစဉ်များဖြင့် ချိတ်ဆက်လုပ်ဆောင်ပေးနိုင်ပါက မြန်ဆန်တိုးတက်လာစေပါမည်။

ကျွန်ုပ်တို့ ကျေးရွာတွင် ဒေသထွက်ကုန်ကြမ်းများကိုသာ ရောင်းချမည့်အစား အရည်အသွေးရှိသော တန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်ရောင်းချနိုင်ရန် နည်းပညာသင်တန်းများ ရရှိဆောင်ရွက်ခြင်းကလည်း ကျေးရွာရှိ လူသားအရင်းအမြစ်သုံးစွဲမှုကို ထိရောက်စွာ အသုံးချနိုင်ရုံမက ဒေသတွင်းတစ်နိုင်တစ်ပိုင် အသေးစားလုပ်ငန်းများ တိုးတက်လာစေနိုင်သောကြောင့် ကျေးရွာ၏ဝင်ငွေရရှိမှုကို မြင့်မားလာစေမည် ဖြစ်ပါသည်။ ထို့နောက်တွင် ဒေသတွင်း အလုပ်အကိုင် အခွင့်အလမ်းများ များပြားလာသည်နှင့်အမျှတစ်ဖက်နိုင်ငံများတွင် ရွှေ့ပြောင်းလုပ်ကိုင်နေသူများအား မိမိနေရပ်သို့ ပြန်လာ၍ လုပ်ကိုင်နိုင်မည့် အခွင့်အလမ်းများ တိုးတက်လာစေပြီး မိသားစုများ ပေါင်းစည်းနေထိုင် လုပ်ကိုင်နိုင်ခြင်းနှင့် ဒေသအတွင်း စားနပ်ရိက္ခာဖူလုံမှု တိုးတက်လာစေပြီး ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျော့နည်းစေရေးကို တစ်ထောင့်တစ်နေရာမှ အထောက်အကူပြုနိုင်ပေမည်။

## (ဈ) ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော် ဆောင်ရွက်မည့် အချိန်ကာလ

စီမံချက်များသည် ဖွံ့ဖြိုးရေးလုပ်ငန်းများကို လက်တွေ့ အကောင်အထည်ဖော်စေနိုင်မည့် နည်းဗျူဟာများအဖြစ်သို့ ရောက်ရှိအောင် အောက်ခြေအထိ လုပ်ကိုင်ဆောင်ရွက်ရမည် ဖြစ်ပါသည်။ စီမံကိန်း ငါးနှစ်တာကာလကျော်လွန်ချိန်တွင် ဖော်ပြပါပန်းတိုင်များကို ပြီးမြောက်အောင် ဆောင်ရွက်နိုင်ရန် စီမံချက်များသည် ဖွံ့ဖြိုးရေးလိုအပ်ချက်များအဖြစ် မရှိမဖြစ် လိုအပ်ပါမည်။

## (ဉ) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်နှင့် ဘဏ္ဍာငွေသုံးစွဲရေးအစီအစဉ်

ကျေးရွာလူထုသည် ငါးနှစ်တာအတွက် ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲချိန်တွင် စိစစ်ရွေးချယ်ထားသည့် ဦးစားပေးစီမံချက်များမှာ ပြည့်စုံလုံလောက်နိုင်မည် မဟုတ်သေးပေ။ သို့ဖြစ်၍ ကျေးရွာလူထုသည် စီမံချက်များကို အကောင်အထည်ဖော်မှု (၂-၃) နှစ် ကျော်လာချိန်တွင် စီမံကိန်းငါးနှစ်တာကာလအတွင်း ဦးစားပေးလုပ်ငန်းများ ထပ်မံဖော်ထုတ်ပြီး လုပ်ဆောင်ရန် လိုအပ်လာပါမည်။ ဆိုးရွားသော သဘာဝဘေးအန္တရာယ် သက်ရောက်မှုများ မရှိခဲ့လျှင်ငါးနှစ်တာဖွံ့ဖြိုးရေး

အဆင့်ထိ ပံ့ပိုးမှုပေးနိုင်မည့် အစိုးရဌာနများနှင့် အဖွဲ့အစည်းများကို အကြံပြုဖော်ထုတ် ပေးနိုင်ခဲ့ကြပါသည်။

## (က) ကျေးရွာဖွံ့ဖြိုးရေး ရည်မှန်းချက် ရေးဆွဲခြင်းနှင့် ပုံမှန်စိစစ်ခြင်း

ဤကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲနိုင်ရန် နည်းပညာအထောက်အပံ့များ ပံ့ပိုးပေးမှုသည် အလွန်အရေးပါပါသည်။ အနာဂတ်တွင်လည်း ရေရှည်တည်တံ့မည့် အထောက်အပံ့များကို နိုင်ငံတော်အစိုးရထံမှ ရရှိမည်ဟုမျှော်လင့်ပါသည်။ ကျွန်ုပ်တို့ကျေးရွာသူ/သားများ ကိုယ်တိုင် အားထုတ်လုပ်ကိုင်ရရှိခဲ့မှုများကို ပြန်လည်စိစစ်ခြင်းနှင့် ရွေးချယ်ခဲ့သော ဦးစားပေးစီမံချက်များအား အချိန်မှန်ပြန်လည်သုံးသပ်၍ ပြုပြင်ရေးဆွဲခြင်း စသည်တို့ ဆောင်ရွက်နိုင်ရန် အကူအညီများ ဆက်လက်ရရှိမည်ဟု မျှော်လင့်ပါသည်။

## (ခ) ငွေကြေးဝန်ဆောင်မှု လုပ်ငန်းများ

အင်ပင်လှကျေးရွာလူထု၏ လိုအပ်ချက်တစ်ရပ်တွင် စိုက်ပျိုးရေးလုပ်ငန်းများအတွက် လုံလောက်သော ချေးငွေများ ရရှိမှုကလည်း အဓိကဖြစ်ပါသည်။ ကျေးရွာများတွင် ချေးငွေများ ထုတ်ချေးပေးနေသော မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ မိုးစပါးသီးနှံ (ကာလတိုချေးငွေ) တစ်ခုတည်းကိုသာ ဦးစားပေးဆောင်ရွက်ပေးနေသောကြောင့် ကျေးရွာရှိ မွေးမြူရေး၊ ဆင်းရဲသားမြေယာမဲ့များအတွက်လည်း ဝင်ငွေတိုး လုပ်ငန်းများအတွက် သင့်တော်သော အတိုးနှုန်းဖြင့် ကာလရှည် ချေးငွေများ ထုတ်ချေးပေးနိုင်သော ငွေကြေးဝန်ဆောင်မှု လုပ်ငန်းများ၊ ဘဏ်များ၊ ပုဂ္ဂလိကကုမ္ပဏီများနှင့် ချိတ်ဆက် လုပ်ဆောင်လိုကြသည်။ ထို့ကြောင့် ကျေးရွာသူ/သားများ လိုအပ်သော ချေးငွေများထုတ်ချေးပေးနိုင်ရန် ငွေကြေးဝန်ဆောင်မှုလုပ်ငန်းဆိုင်ရာ သတ်မှတ်ချက်များကို ဒေသလိုအပ်ချက်နှင့်အညီ ပြောင်းလဲသင့်ပါသည်။

## (ဂ) အသက်မွေးဝမ်းကျောင်းဆိုင်ရာ နည်းပညာနှင့် ဈေးကွက်အတွက် အထောက်အပံ့များ ဖြည့်ဆည်းပေးခြင်း

ကျေးရွာ၏ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စိန်ခေါ်ချက်တစ်ခုမှာ စိုက်မွေးကုက်လုပ်သူ တောင်သူပျား၏ ဈေးကွက်ဆိုင်ရာ သဘောသဘာဝများ သိရှိမှုအားနည်းခြင်းနှင့် အရည်အသွေး ကောင်းမွန်သော ထုတ်ကုန်များရရှိရေးအတွက် ခေတ်မီသောနည်းပညာများ လိုအပ်ခြင်းပင် ဖြစ်သည်။ ကျေးရွာ၏ စိုက်ပျိုး၊မွေးမြူရေးကုန်ကြမ်းများထွက်ရှိသော အားသာချက်ကိုအမှီပြု၍ ဒေသထွက်ကုန်များကို သင့်တော်သော ဈေးနှုန်းဖြင့် ရောင်းချနိုင်ရန် ဈေးကွက်သဘောတရားများကို နားလည်အောင် နည်းလမ်းပြ အထောက်အပံ့ပေးနိုင်မည့် မြို့နယ်အဆင့်မှ စိုက်ပျိုးရေးဦးစီးဌာန၊ မွေးမြူရေးဌာနနှင့် အခြားသက်ဆိုင်ရာဦးစီးဌာနများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော နိုင်ငံတကာအဖွဲ့အစည်းများ၏ ပူးပေါင်းလမ်းပြ ဖေးမမှုများကလည်း အရေးပါလှပါသည်။ ၎င်းအပြင် ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှုများကိုလည်း မြှင့်တင်ပေးခြင်းဖြင့် စည်သွပ်စက်ရုံများ

**သက်မွေးဝမ်းကျောင်းလုပ်ငန်း အထောက် အကူပြုအနေအထား ဖန်တီး ပေးခြင်း**

- ကုန်ထုတ်လုပ်မှု တိုးတက်စေရန် စိုက်ပျိုးရေး၊ မွေးမြူရေးဆိုင်ရာ အခြေခံအဆောက်အဦးနှင့် အသုံးအဆောင်များ ပြည့်စုံလုံလောက်အောင် ဖန်တီးပေးခြင်း။ (ဥပမာ- ဆည်မြောင်း၊တမံ တည်ဆောက်ခြင်း၊ ကုန်ထုတ်လမ်းတံတား ဆောက်လုပ်ခြင်း စသည်)
- ဈေးကွက်မြှင့်တင်ပေးခြင်း၊ ဖန်တီးပေးခြင်း။
- လိုအပ်သော အစိုးရ မူဝါဒများ ချမှတ်ဆောင ရွက်ခြင်း (ဥပမာ- တိကျသော မြေယာ ဥပဒေ၊ ဘဏ်လုပ်ငန်းနှင့် သားငါးလိုင်စင်၊ စသည်)
- ဈေးကွက်သတင်းမီဒီယာများ ထုတ်လွှင့်ခြင်း
- ကောင်းမွန်သော သယ်ယူပို့ဆောင်မှု၊ ဝန်ဆောင် မှုများ ဖန်တီးပေးခြင်း

**လုပ်ငန်းအရင်းအနှီး**

- အစိုးရဘဏ်များ၊ ပုဂ္ဂလိကဘဏ်များနှင့် အသေးအစားချေးငွေအဖွဲ့အစည်းများထံမှ ငွေကြေးဝန်ဆောင်မှုများ လက်လှမ်းမီရေးအတွက် ဆောင်ရွက်ခြင်း
- ကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးလည့်ပတ်ရန်ပုံငွေများတည်ထောင်ခြင်း

**အသက်မွေးဝမ်းကျောင်းမှု အတတ်ပညာ ကျွမ်းကျင်မှုကို ဖွံ့ဖြိုးတိုးတက်စေပြီး အငယ်စား ပုဂ္ဂလိကလုပ်ငန်းကို မြှင့်တင် ၍ အလုပ်အကိုင်ဖန်တီးခြင်း**

- အသက်မွေးဝမ်း ကျွမ်းကျင်သူများ မွေးထုတ် ပေးရန်နှင့်လေ့လာရေးအစီအစဉ်များ ပြုလုပ် ပေးခြင်း
- အသေးစား စက်ရုံများတည်ထောင်ခြင်းနှင့် အလုပ်အကိုင်အခွင့် အလမ်းများ ဖန်တီးပေးရန်။
- ကုန်ကြမ်းမှ ကုန်ချော ထုတ်လုပ်ခြင်း
- ပုဂ္ဂလိက ကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေခြင်း။

**ကျေးလက်လူထုအခြေခံအဆောက်အ ဦးများ ဖွံ့ဖြိုးတိုးတက်စေခြင်း**

- ကျေးလက် လမ်း တံတားများ ပြုပြင် တည် ဆောက်ပေးခြင်း။
- စာသင်ကျောင်း/ ဆေးခန်း/ သောက်သုံးရေ၊ စသည်တို့ကို ပြည့်စုံ လက်လှမ်းမီစေခြင်း။

## (၇) ကျေးရွာဖွံ့ဖြိုးတိုးတက်မှု ကိစ္စရပ်များနှင့်ဗဟိုအဆင့်မူဝါဒများအကြား အစီအစဉ်ကျသော ချိတ်ဆက်မှုများ

အစိုးရ၏ မူဝါဒနှင့်လုပ်ငန်းအစီအစဉ်တို့ကို ရင်းနှီးကျွမ်းဝင်ပြီးသော အစိုးရဌာနဆိုင်ရာများနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နည်းပညာအကြံပေးအဖွဲ့တို့၏ အကြံပြုချက်အရ ဤအခန်းကို ပြုစုဖော်ပြထားပါသည်။ ဖော်ပြပါအဖွဲ့အစည်းများသည် ကျွန်ုပ်တို့ကျေးရွာ၏ လိုအပ်ချက်များအား နိုင်ငံတော်အဆင့်မှသည် ဒေသဆိုင်ရာအဆင့်၊ ထိုမှတစ်ဆင့် ကျွန်ုပ်တို့ ကျေးရွာ

**(၅) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊ အဟန့်အတားများနှင့်ကျော်လွှားရမည့် စိန်ခေါ်မှုများ** ၁၇

(က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ

(ခ) အဟန့်အတားများနှင့်ကျော်လွှားရမည့် စိန်ခေါ်မှုများ

**(၆) ကျေးရွာဖွံ့ဖြိုးရေး ပန်းတိုင်နှင့် ဗျူဟာ** ၁၉

**(၇) ကျေးရွာဖွံ့ဖြိုးတိုးတက်မှု ကိစ္စရပ်များနှင့် ဗဟိုအဆင့် မူဝါဒများအကြား အစီအစဉ်ကျသော ချိတ်ဆက်မှုများ** ၂၀

**(၈) ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော် ဆောင်ရွက်မည့် အချိန်ကာလ** ၂၂

(က) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်

(ခ) ကဏ္ဍ နှင့် ရင်းနှီးမြုပ်နှံမှုကိုအခြေခံ၍ စီမံချက်အုပ်စု သတ်မှတ်ခြင်း

(ဂ) ဦးစားပေး စီမံချက်များ

(ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ

**(၉) ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာ အစီအစဉ်** ၂၉

**(၁၀) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့်နည်းလမ်းနှင့် အစီအစဉ်များ** ၃၁

(က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ

(ခ) ဖွံ့ဖြိုးရေး မိတ်ဖက် အဖွဲ့အစည်းများ

(ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ

(ဃ) ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန်နှင့် ပြုပြင်ထိန်းသိမ်းရန် အတွက် အဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ

**(၁၁) စီမံကိန်း ကြီးကြပ်စစ်ဆေးခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်း** ၃၂

(က) ကြီးကြပ်စစ်ဆေးခြင်း

(ခ) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဆောင်ရွက်ပြီးစီးမှု အကဲဖြတ်ခြင်း

(ဂ) နည်းပညာဆိုင်ရာ အကူအညီ

**နောက်ဆက်တွဲ**

နောက်ဆက်တွဲ (၁) စီမံကိန်း ဇယားများ ၃၅

**(၁) လူမှုစီးပွားရေး အခြေအနေ**

ဇယား ၁ လူဦးရေ နှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား ၂ လုပ်သား အင်အားနှင့် ဝင်ငွေရ လုပ်ငန်း အမျိုးအစား

မလုံလောက်ပါ။ သီးနှံထုတ်လုပ်ရန်နှင့် တိရစ္ဆာန်မွေးမြူရေးများ တိုးတက်လုပ်ကိုင်နိုင်ရန် ကာလရှည်ချေးငွေဝန်ဆောင်မှုများ လုံလောက်စွာရရှိရန် လိုအပ်လျက်ရှိပါသည်။

- သီးနှံနှင့် တိရစ္ဆာန်ထုတ်ကုန်များ (စပါး၊ပဲ၊နွား၊ဆိတ်၊ဝက် စသည်) ရောင်းဝယ်ဖောက်ကားရေးဆိုင်ရာ ဈေးကွက် ကျယ်ပြန့်ရေးအတွက် မူဝါဒနှင့် ဖွံ့ဖြိုးရေးအကူအညီများလည်း ရရှိအောင်ဆောင်ရွက်ရပါဦးမည်။

## (၆) ကျေးရွာ ဖွံ့ဖြိုးရေးပန်းတိုင်နှင့် ဗျူဟာ

ကျွန်ုပ်တို့ ကျေးရွာ၏ ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်ပန်းတိုင်မှာ ယေဘုယျအားဖြင့် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက် သာယာရေးဖြစ်ပါသည်။ ထို့ကြောင့်ပင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကွင်းဆင်းအဖွဲ့ဖြင့် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ ရေးဆွဲကြသောအခါ လူထုပူးပေါင်းဖော်ထုတ်သောနည်းလမ်းများဖြင့် အဆိုပါ ရည်မှန်းချက်ပန်းတိုင်နှင့် ယင်းပန်းတိုင်ရောက်ရှိရေး အကောင်အထည်ဖော်ရမည့်နည်းဗျူဟာများကို ဆွေးနွေးဖော်ထုတ်ထားခဲ့ကြပါသည်။

### (က) ရည်မှန်းချက် ပန်းတိုင်

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှအဖွဲ့နှင့် တိုင်ပင်ညှိနှိုင်းပြီး လာမည့်ငါးနှစ်တာကာလအတွက် ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကို အောက်ပါအတိုင်း ချမှတ်ထားပါသည်-

(၁) စိုက်ပျိုးရေးလုပ်ငန်းများ၊ တိရစ္ဆာန်မွေးမြူရေးလုပ်ငန်းများ တိုးတက်လုပ်ကိုင်လာနိုင်ခြင်းဖြင့် ကျေးရွာမိသားစုများ၏ဝင်ငွေတိုးတက်လာရမည်။

(၂) ပညာတတ်မြောက်မှု၊ လုပ်ငန်းကျွမ်းကျင်မှုများ တိုးတက်လာခြင်းဖြင့် ကျေးရွာသူရွာသားများ၏ ဝင်ငွေရှာဖွေနိုင်စွမ်းမြင့်မားလာရမည်။

### (ခ) နည်းဗျူဟာ

လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်မည့်လုပ်ငန်းအစီအစဉ်များနှင့် စီမံကိန်းများကို အောက်ဖော်ပြပါ အကောင်အထည်ဖော်ရေး နည်းဗျူဟာများကို ကျင့်သုံး၍ စနစ်တကျဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာ၏ဖွံ့ဖြိုးရေး ရည်မှန်းချက်များကို ရောက်ရှိမည်ဟု ယုံကြည်ပါသည်။

အထက်ပါ ပန်းတိုင်များသို့ ရောက်ရှိရေးအတွက် ကျေးရွာဖွံ့ဖြိုးရေး ကော်မတီသည် အစိုးရဌာနများ၊ အခြားပြင်ပအဖွဲ့အစည်းများ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် ဆက်သွယ်၍ ကျေးရွာဖွံ့ဖြိုးရေးစီမံချက်များအား ဦးဆောင် အကောင်အထည်ဖော်မည်ဖြစ်သည်။ ပြင်ပမှ နည်းပညာ၊ ငွေကြေးစသည့် အကူအညီများ ရရှိရေးအတွက် ဦးဆောင်မည်ဖြစ်သည်။ ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် ကျေးရွာအတွင်းရှိ အခြားအဖွဲ့၊ ကော်မတီများဖြင့်လည်း ညှိနှိုင်း၍ အောက်ဖော်ပြပါများ အကောင်အထည်ဖော်ရန် တာဝန်များကို ခွဲဝေအပ်နှင်းဆောင်ရွက်မည်။

- ထို့အပြင် မိုးကောင်းသောက်ယာမြေများ၊ ရွှေစက်တော် သစ်တောမြေများလည်း ရှိသည့်အတွက် ယာသီးနှံများ၊ ဥယျာဉ်ခြံများ၊ သစ်တောပင်များ စိုက်ပျိုးထုတ်လုပ်နိုင်ခြင်း၊ သစ်တောထွက်ပစ္စည်းများ ထုတ်လုပ်နိုင်ခြင်း၊ ဆိတ်၊ နွားစသည့် တိရစ္ဆာန်များ မွေးမြူနိုင်ခြင်း စသည့် အလားအလာကောင်းများရှိပါသည်။
- မကွေး၊ မန္တလေး၊ ရန်ကုန် စသည့် စီးပွားရေးအချက်ချာကျသည့် ဒေသများသို့ တိုက်ရိုက်ဆက်သွယ်ထားသော ကားလမ်းမကြီးများ၊ ပို့ဆောင်ဆက်သွယ်ရေး ဝန်ဆောင်မှုကောင်းများ လက်လှမ်းမီရာ ဒေသတွင်း၌ တည်ရှိပါသည်။
- ခြေတော်ရာ၊ ရွှေစက်တော်မြသလွန် စသည့် ထင်ရှားသော ဘုရားများနှင့် ပွဲတော်များရှိခြင်းကြောင့် ခရီးသွားများအား အမှီပြုမည့် ရောင်းဝယ်ဖောက်ကားမှုများ၊ ခရီးသွားဝန်ဆောင်မှုများ တိုးတက်ဆောင်ရွက်နိုင်မည့် အလားအလာကောင်းများဖြစ်ပါသည်။
- ကျေးရွာတွင် ကာလသားအဖွဲ့၊ အပျိုလူပျိုအဖွဲ့များ ရှိပြီး အစဉ်အဆက် လှုပ်ရှားမှုရှိသည်။
- ကျေးရွာဖွံ့ဖြိုးရေးနှင့် သာရေး၊ နာရေးများတွင်လည်း တက်ကြွစွာ ပါဝင်လှုပ်ရှားကြသည်။

## (ခ) အဟန့်အတားများနှင့်ကျော်လွှားရမည့် စိန်ခေါ်မှုများ

- ကျေးရွာတွင် ဖွံ့ဖြိုးရေးဆောင်ရွက်နေသော ကျေးရွာအတွင်း အဖွဲ့များ ရှိသော်လည်း အုပ်ချုပ်ရေးကဏ္ဍမှလွဲ၍ အဖွဲ့တစ်ခုနှင့်တစ်ခု ချိတ်ဆက်ဆောင်ရွက်ခြင်း၊ စုစည်းလုပ်ဆောင်ချက်များတွင် အားနည်းမှုများ ရှိပါသည်။ ကျေးရွာလူထုအနေဖြင့် မြို့နယ်ရှိဦးစီးဌာနများနှင့် ချိတ်ဆက်ဆောင်ရွက်ရာတွင် အတွေ့အကြုံနည်းခြင်း၊ အဖွဲ့အစည်းဆိုင်ရာ စွမ်းရည်မြှင့် ဝန်ဆောင်မှုအဖွဲ့များနှင့် အလှမ်းဝေးခြင်း စသည်တို့ကလည်း ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးတွင် စိန်ခေါ်မှုတစ်ရပ်ဖြစ်သည်။
- ကျေးရွာ၏အိမ်ထောင်စုများမှာ သီးနှံစိုက်ပျိုးရေးကိုအဓိက မှီခိုနေရသော်လည်း မုန်းချောင်းရေတိုက်စားမှုကြောင့် စိုက်ပျိုးမြေများဆုံးရှုံးလျက်ရှိပါသည်။ စိုက်ပျိုးမြေများအား ချောင်းရေတိုက်စားမှု ကာကွယ်ရေးအစီအမံများ ဆောင်ရွက်ရန်လိုအပ်လျက်ရှိပါသည်။ ထပ်မံတိုးပွားလာသော အိမ်ထောင်ခွဲများအတွက် စိုက်ပျိုးမြေထပ်မံတိုးချဲ့နိုင်သော အခွင့်အလမ်းလည်းမရှိတော့ပါ။ ဆည်မြောင်းရေ ရရှိသော်လည်း ရေပေးဝေမှုစနစ်ပြုပြင်ရန်လိုအပ်ချက်များကြောင့် စိုက်ပျိုးရေဖူလုံစွာ မရကြပါ။ ဥပမာ၊ ရေပြွန်များ ပြုပြင်ရန်လိုအပ်လိုခြင်း၊ ရေပေးဝေမှုလုပ်ငန်းတွင် ပိုမိုထိရောက်အကျိုးရှိရေးအတွက် လယ်သမားများစုဖွဲ့၍ စီမံခန့်ခွဲမှုလုပ်ငန်းများတွင်ပါဝင်နိုင်ရေး စသည်တို့ဖြစ်သည်။
- သီးနှံထုတ်လုပ်မှုနှင့် တိရစ္ဆာန်မွေးမြူမှု တိုးတက်ရေးတို့အတွက် ကျေးရွာလူထုမှာ ငွေကြေးဝန်ဆောင်မှုများအား လက်လှမ်းမီမှု မရှိသလောက်ဖြစ်ပါသည်။ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ချေးငွေကို လယ်သမားများ ရရှိသော်လည်း

ကျွန်ုပ်တို့၏ကျေးရွာအုပ်စုတွင် တာဝန်ကျ သားဖွါးဆရာမ (၁) ဦးသာရှိပြီး (၃) ဖာလုံဝေးပြီး အုပ်စုကျေးရွာဖြစ်သော စံပြရွာ ဆေးခန်းတွင် နေထိုင်သည်။ အုပ်စုကျေးရွာမှာ ရွာကြီး (၅) ရွာဖြစ်သောကြောင့် သားဖွါးဆရာမ (၁) ဦးတည်းဖြင့် လုံလောက်မှု မရှိပါ။ ကျေးရွာတွင် ဆေးဆိုင် (၃) ဆိုင်၊ အရံသားဖွါးသင်တန်းဆင်း (၂) ဦး၊ သင်တန်းတက်နေသော ကျန်းမာရေးလုပ်သား (၄) ဦး၊ နာရေးကူညီမှုအသင်းမှ ကားရှိပြီး မိမိကျေးရွာနှင့် အနီးနားကျေးရွာများမှ အကူအညီတောင်း ပါ က လည်းပွင့်ဖြူသို့ အခမဲ့ပို့ဆောင်ပေးပြီး မင်းဘူးသို့ ပို့ဆောင်ရန်လိုအပ်ပါက (၁၀၀၀၀) ကျပ်၊ မကွေးသို့ ပို့ဆောင်ရန်လိုအပ်ပါက (၁၅၀၀၀) ကျပ်ဖြင့် ပို့ဆောင်ပေးသည်။ အရံသင်တန်းဆင်း (၂) ဦးမှာ တာဝန်ကျ သားဖွါးဆရာမနှင့် အတူ မိခင်နှင့် ကလေး အဖွဲ့တို့နှင့် ပူးပေါင်း၍ လစဉ် ကလေးငယ်များ ကာကွယ်ဆေးထိုးခြင်း၊ ပေါင်ချိန်ပေးခြင်း၊ အာဟာရ ကျွေး ခြင်းတို့တွင် လုပ်ဆောင်ပေးကြသည်။

### (ဆ) လူငယ်နှင့် ယဉ်ကျေးမှု

**လူငယ်များမှာ** လူမှုရေးပွဲများ၊ ဘာသာရေးပွဲများ၊ ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် တက်ကြွစွာ ပါဝင်ကြသည်။ လူငယ်အမျိုးသားများမှာ ဘောလုံးကန်ခြင်း၊ ခြင်းခတ်ခြင်း၊ ဘောလီဘောကစားခြင်းများရှိသည်။ ကျေးရွာတွင်ဘောလုံးကွင်းမရှိပါ။ အိုးစည်၊ ဒိုးပတ်ဝိုင်းရှိသော်လည်း ပစ္စည်းများ ဟောင်းနွမ်းပျက်စီးနေပါသည်။

### (ဇ) အခြေခံ အဆောက်အဦများ လက်လှမ်းမီမှု

၂၀၁၄ ခုနှစ်တွင် လျှပ်စစ်မီး ရရှိခဲ့ကြပြီး အိမ်ခြေ (၄၆၈) အနက် လက်ရှိ (၁၈၁) အိမ်ထောင်စု (၃၈.၇%) သာ လျှပ်စစ်မီးသုံးစွဲနိုင်ပြီး မီးမရှိသူများမှာ ဆိုလာ အသုံးပြုသူ (၁၀) ဦး၊ နှင့် ကျန်ဆင်းရဲသောအိမ်ထောင်စုများမှာဖယောင်းတိုင်ကို အသုံးပြုကြသည်။ ကျေးရွာ၏ (၆၁%)ခန့်မှာ ဓာတ်တိုင်နှင့် မီးကြိုးဖိုး မတတ်နိုင်သောကြောင့် လျှပ်စစ်မသုံးနိုင်ကြပေ။ရွာမှ မြို့သို့သွားသော လမ်းမှာ ကတ္တရာလမ်းဖြစ်ပြီး တနှစ်ပတ်လုံး ကောင်းမွန်စွာ အသုံးပြုနိုင်သည်။

### (ဈ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး

သဘာဝဘေးအန္တရာယ် လျှော့ချရေးအစီအစဉ်အနေဖြင့် မီးကင်းလှည့်လည်စောင့်ရှောက်ရေးလုပ်ငန်းသာရှိပါသည်။ဂန်ထမ်းများသာအသက်အာမခံထားကြသည်။ရဲစခန်းနှင့်အဆက်အသွယ်ပြုမှုအားနည်းသည်။

## (၅) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊ အဟန့်အတားများနှင့်ကျော်လွှားရမည့် စိန်ခေါ်မှုများ

### (က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ

- ကျေးရွာသည် မုန်းချောင်း၊ မဲဇလဲဆည်စသည် တို့မှ ရေဖြင့် ရေသွင်းစိုက်ပျိုးနိုင်သော မြေယာများရှိခြင်းကြောင့် သီးနှံစုံအားရွေးချယ်ပြီး သီးထပ်သီးညှပ်များ စိုက်ပျိုးထုတ်လုပ်နိုင်ပါသည်။

စိုက်ဘဏ်မှ ပုံစံ (၇) ရှိသူ တောင်သူ (၁၂၆) ဦးကို မိုးစပါးအတွက် လယ်တဧကလျှင် (၁) သိန်းနှုန်းဖြင့် အများဆုံး တဦးလျှင် (၁၀) သိန်းထိ ငွေချေးပေးသည်။ ယာတစ်ဧကကိုလည်း (၂၀၀၀၀) ကျပ်နှုန်း ငွေချေးသည်။ လက်ရှိ သိန်း (၅၉၅) ချေးပေးသည်။ အတိုးနှုန်းမှာ (၀.၄၁%) ဖြစ်ပြီး ချေးငွေကာလမှာ (၆-၈) လဖြစ်သည်။ ဇူလိုင်၊ ဩဂုတ်လတွင် ထုတ်ချေးပြီး ဇန္နဝါရီ၊ ဖေဖော်ဝါရီလတွင် ပြန်ဆပ်ရသည်။ ငွေချေးချိန်တွင် တောင်သူအများစုမှာ ကောက်စိုက်ပြီးချိန် ဖြစ်သဖြင့် တောင်သူများအနေဖြင့် ကုန်ကျစရိတ်နှင့် လိုအပ်သော သွင်းအားစုများကို ပွဲရုံနှင့် စိုက်ပျိုးရေးကုမ္ပဏီများထံမှ အတိုး(၅%) ဖြင့် ချေးယူ လုပ်ကိုင်ကြရပြီး စိုက်ဘဏ်ချေးငွေရမှ ပြန်ဆပ်ကြရသည်။ ချေးငွေကိုလည်း တောင်သူတဦးချင်း၊ တရွာချင်းအလိုက် ငွေကြေးဆပ်သော်လည်း ချေးခွင့် မရဘဲ ကျေးရွာတအုပ်စုလုံး အကျေဆပ်ပြီးမှသာ ထုတ်ချေးခွင့် ရသဖြင့် ချေးငွေနောက်ကျ ရသည့် အကြောင်းအရင်း တခုဖြစ်သည်။ ထို့ကြောင့် တောင်သူများမှ မိမိကျေးရွာ အလိုက် ငွေထုတ် ချေးပေးရန် လိုလားကြသည်။ ပြန်ဆပ်ချိတ်တွင် သီးနှံမှာ ရိတ်သိမ်းပြီးစ ဖြစ်သဖြင့် ကုန်သည် ပွဲစား များ၏ ဈေးနှိမ်မှုကို ခံရသည်။ အကယ်၍ ရာသီဥတု ဖောက်ပြန်၍ ဖေဖော်ဝါရီလတွင် ပြန်ဆပ်ရန် အခက်အခဲကြုံပါက မြို့မှ ပွဲစားများထံတွင် ဆောင်းသီးနှံ ရိတ်သိမ်းချိန်တွင် ပြန်ဆပ်ရန် ဂတိဖြင့် အတိုးနှုန်း (၇-၁၀%) အတိုးဖြင့် ထပ်ဆင့် ချေးငှါးပြီး ပြန်ဆပ်ကြရသည်။ ၎င်းချေးငွေကို ပြန်ဆပ်ရန် အခက်အခဲရှိပါက လယ် (သို့မဟုတ်) ကျွဲ၊ နွားများကို ရောင်းချပြီး ပြန်ဆပ်ကြရသည်။ စိုက်ဘဏ်မှ ချေးငွေမှာ အတိုးနှုန်းသက်သာသော်လည်း ပြန်ဆပ်ရမည့် ကာလမှာ ပုံသေ တင်းကြပ် ထားသဖြင့် ထိုကဲ့သို့ အခက်အခဲများ ကြုံတွေ့ရခြင်းဖြစ်ပါသည်။ အကယ်၍ ရာသီဥတု ဖောက်ပြန်မှု ကြောင့် သီးနှံများ ဆုံးရှုံးမှု ရှိပါက သေချာစွာ စိစစ်ပြီး ပြန်ဆပ်ချိန်ကို တောင်သူများနှင့် သင့်တော်သော မူဝါဒများ ချမှတ်ဆောင်ရွက်ပါက တောင်သူများအတွက် ထိရောက်ပြီး အကျိုးရှိနိုင် ပါသည်။

**(စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး**

(၅-၉)နှစ်ကြားမူလတန်းကျောင်းနေအရွယ်ကလေး ကျား(၉၁)၊ မ(၆၉)ဦး၊ ပေါင်း (၁၆၀)ဦးရှိပြီး၊ လက်ရှိ ကျေးရွာမူလတန်းကျောင်းတွင် ကျား (၁၀၀) ဦး၊ မ (၆၃) ဦး၊ စုစုပေါင်း (၁၆၃) ဦး (၁၀၂%)တက်ရောက်ပညာ သင်ကြားနေပါသည်။ ဤသို့ မူလတန်းကျောင်းသားဦးရေ သည် မူလတန်းအရွယ် ကလေးဦးရေထက် များနေရခြင်းမှာ အနီးဝန်းကျင်ရွာမှ ကလေးငယ်များ လည်း ဤအထက်တန်းကျောင်းခွဲသို့ လာရောက်ပညာသင် တက်ရောက်နေသောကြောင့် ဖြစ်သည်။ အလယ်တန်းကျောင်းနေအရွယ် ကလေး ကျား (၉၀) မ (၈၉) စုစုပေါင်း (၁၇၉) ဦးရှိသည့်အနက် ကျား (၇၈) ဦးနှင့် မ (၇၃) ဦး၊ စုစုပေါင်း (၁၅၁) ဦး (၈၄%) တက်ရောက်ပညာ သင်ကြား လျက်ရှိသည်။ အထက်တန်းပညာတွင် ကျား(၁၃)ဦး၊ မ(၁၇)ဦး၊ ပေါင်း (၃၀)ဦးလည်း တက်ရောက် သင်ကြားနေကြပါသည်။ အထက်တန်းတွင် ကျောင်းသားဦးရေ လျော့နည်းသွားရခြင်းမှာ မြို့ပေါ်နှင့် ဘော်ဒါဆောင်များသို့ သွားရောက် ပညာသင်နေသောကြောင့် ဖြစ်သည်။ ယခုနှစ်တွင် ကျား(၂၃)ဦး နှင့် မ(၁၄)ဦး၊ စုစုပေါင်း (၃၇)ဦးတို့သည် တက္ကသိုလ် တက်ရောက် ပညာသင်ကြား နေကြသည်။

ပုံမှန်အလုပ်အကိုင်မရှိ၊ ပုံမှန်ဝင်ငွေမရပဲ တချို့မှာ တစ်နယ်တစ်ကျေးသို့ သွားရောက် လုပ်ကိုင်ကြရသည်။

## (ဃ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာစီမံခန့်ခွဲမှု

သဘာဝပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များနှင့် ပါတ်သက်၍ အောက်ဖော်ပြပါ အကြောင်းအရာတို့ကို ကျေးရွာအတွင်းတွေ့ကြုံနေရပါသည်-

- **မိုးခေါင်ခြင်းနှင့် ရေကြီးခြင်း** - ရာသီဥတု ဖေါက်ပြန်မှုကြောင့် မိုးခေါင်ခြင်းနှင့် ရေကြီးခြင်းကို နှစ်စဉ်နီးပါး ကြုံတွေ့ခံစားကြရသည်။ မိုးခေါင်ခြင်းနှင့် ရေကြီးခြင်းကြောင့် တောင်သူများစိုက်ပျိုးသီးနှံများ ပျက်စီးဆုံးရှုံးခြင်း၊ စိုက်ပျိုးစရိတ်ကြီးမြင့်ခြင်းတို့ ခံရသည်။ ယာမြေများတွင် နှစ်ရှည် ပင်များစိုက်ပျိုးရန်သင့်တော်ပြီး တိုးချဲ့စိုက်ပျိုးသင့်သည်။
- **မြေဆီလွှာ ခမ်းခြောက်ခြင်း** - မြေဆီလွှာထိန်းသိမ်းမှု အားနည်းသောကြောင့် တဖြည်းဖြည်း မြေဆီလွှာ ခမ်းခြောက်မှုနှင့် ကြုံရသည်။
- **ရောဂါပိုးမွှားကျရောက်ခြင်း** - လူ၊ တိရိစ္ဆာန်နှင့် စိုက်ပျိုးသီးနှံများတွင် ရောဂါ၊ ပိုးမွှားကျရောက်မှုများပြီး တောင်သူများမှ လည်း ပိုးသတ်ဆေး၊ ပေါင်းသတ်ဆေးများကို အလွန်အကျွံသုံးစွဲခြင်း၊ ပုလင်းခွံ၊ ဗူးခွံများကို စည်းကမ်းမဲ့ စွန့်ပစ်နေကြသည်။
- **သားငါးရှားပါးမှု** - မြစ်ချောင်းအင်းအိုင်များတွင်လည်းငါးနှင့် ငါးရှဉ့်များကို ဘက်ထရီအိုးများဖြင့် လျှော့တိုက် ဖမ်းဆီးမှုများ ရှိနေခြင်း၊ အစိုးရမှ တားမြစ်ပိတ်ပင်မှုမရှိခြင်းတို့ကြောင့် ငါးများရှားပါးလာပြီး မျိုးတုန်းပျောက်ကွယ်မှု ဖြစ်လာနိုင်သည်။
- **ထင်း၊ လောင်စာရှားပါးခြင်း** - သစ်တောများ ခုတ်ထွင်မှုများပြီး ထိန်းသိမ်းမှု အားနည်းသောကြောင့် ထင်းနှင့် မီးသွေး၊ လောင်စာများ တဖြည်းဖြည်း ရှားပါးလာသည်။
- **အပင်မျိုးစိတ်များ** - တောဆီးဖြူ၊ ထိကရုန်း (ကုန်း၊ရေ) ၊ ကနဖော့၊ စူကလော့၊ နွယ်ဖြူ၊ ကုလားမုတ်ဆိတ်၊ မြင်းခွါရွက် ပိုမို များပြားလာသည်။
- စွန့်ပစ်ပစ္စည်းများ - စနစ်တကျစွန့်ပစ်ခြင်းမရှိ၊ လယ်ကွင်းများ၊ ရေမြောင်းများတွင် အလွယ်တကူ စွန့်ပစ်ကြသောကြောင့် သဘာဝ ပါတ်ဝန်းကျင် ညစ်ညမ်းမှု အန္တရာယ်ရှိသည်။

## (င) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

ချေးငွေရရှိမှုနှင့် ဘဏ်ဝန်ဆောင်မှုကဏ္ဍများသည် ယေဘုယျအားဖြင့် ကျေးရွာသားများ၏ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများအတွက် အရေးကြီးပါသည်။ သို့သော် လယ်ပိုင်ဆိုင်သူ တောင်သူများသာ စိုက်ဘဏ်၊ ပက်မြန်မာနှင့် သမဝယမ မှ ချေးငွေရရှိနိုင်ပြီး မြေယာမဲ့ ဆင်းရဲသားများ အနေဖြင့် ချေးငွေမရကြပါ။

ဒီဇင်ဘာလကုန်မှ မတ်လကုန်အထိ စိုက်ပျိုးကြသည်။ ရေရရှိမှုမှာ မဲဇလီဆည်ရေသောက်၊ တောင်ဘက်မုန်းမြောင်းမကြီးမှ ဖြစ်သည်။ ကျေးရွာလယ်မြေတွင် မိုးစပါးကို အဓိကထား စိုက်ပျိုးကြသည်။ လယ်မြေအားလုံးမဲဇလီဆည်ကို အသုံးပြုပြီး တစ်နှစ်ပတ်လုံးရေရရှိသည်။ မြောင်းလက်တံများ ကျိုးပဲ့မှုကြောင့် ရေနစ်မြုပ်မှုနှင့် လယ်ရေမရမှုများကို တစ်ခါတရံကြုံတွေ့ရပါသည်။

မိုးကြိုနှမ်းကို ဧပြီလမှ ဇူလိုင်လအတွင်း ရေသွင်းစိုက်ပျိုးကြပြီး စမုံနက်မျိုးကို စိုက်ပျိုးကြသည်။ ယာခင်းများတွင် မိုးရေကိုသာ အဓိက အားထားစိုက်ပျိုးရပြီး မြေဆီသြဇာညံ့သောကြောင့် နွားစာအတွက် နှံစား ပြောင်းကို အဓိက စိုက်ပျိုးကြသည်။

လယ်စပါးစိုက်ပျိုးမှုဧက များသည့်အပြင် သီးထပ်စိုက်ပျိုးသောကြောင့် လက်ရှိ လယ်ယာသုံးစက်ပစ္စည်းများ လုံလောက်မှုမရှိကြပါ။ ငှားရမ်းသုံးစွဲရသဖြင့် အချိန်မီမရကြပါ။ တနှစ်ပတ်လုံးသီးထပ်စိုက်ပျိုးကြသောကြောင့် စိုက်ချိန်နှင့် ရိတ်ချိန်တွင် လုပ်သားနှင့် စက်ကိရိယာ မလုံလောက်မှုနှင့် ကြုံတွေ့ရ။ ကိုယ်ပိုင်စက်ကိရိယာ မရှိသော သူများသည် ကျေးရွာတွင်းရှိ စက်များကို ငှားရမ်းရပါသည်။ ရိတ် ခြွေစက်ကို အသုံးပြုလိုပါက စက်မှုလယ်ယာဌာနတွင် တစ်ဧက လျှင် ၅၀၀၀၀ ကျပ်ဖြင့် ငှားရမ်းနိုင်ပါသည်။

လက်ရှိ စာရင်းကောက်ယူမှုစစ်တမ်းအရ နွား (၁၂၀) အိမ်မှ (၄၂၀) ကောင်၊ မြင်း (၂) အိမ်မှ (၃) ကောင်၊ ဆိတ် (၅) အိမ်မှ (၃၉) ကောင်၊ ဝက် (၆၀) အိမ်မှ (၁၀၃) ကောင် ကြက် (၅၈) အိမ်မှ (၄၅၇) ကောင်၊ ဘဲ (၁) အိမ်မှ (၁) ကောင် ရှိပြီး နွားကို ခိုင်းနွားအနေဖြင့်ရင်း၊ သားဖေါက်ရန်အတွက်နွားမကိုရင်း၊ နွားနို့ရရှိရန်အတွက်ရင်း အဓိကမွေးမြူကြသည်။

ကောက်ရိုးသည် နွားမွေးမြူရေးအတွက် အဓိကအစားအစာဖြစ်ပြီး ကျေးရွာအတွင်းတွင်ပေါများစွာ ရရှိနိုင်ပါသည်။အခက်အခဲမှာ နွားဝယ်ယူရန် အရင်းအနှီး မတတ်နိုင်ခြင်းနှင့် နွားနှင့်ကြက်များတွင် နှစ်စဉ် ရာသီရောဂါဆိုးရွားစွာ ကျရောက်တတ်သဖြင့် ဆုံးရှုံးမှုများခြင်းဖြစ်ပါသည်။ ယခုအခါ ငွေကြေးတတ်နိုင်သော အိမ်ထောင်စုများသည် နွားစားနွားမွေးမြူရေးလုပ်ငန်းကို အထူးစိတ်ဝင်တစားလာကြပါသည်။ ဝက်ကို မိသားစု တပိုင်တနိုင်အဖြစ် ဝင်ငွေတိုးရန်မွေး မြူကြပါသည်။ တချို့ မိသားစုများသည် နွားအုပ်များ မွေးမြူ၍ စားကျက်အဖြစ် ထူးကုမ္ပဏီစိုက်ခင်းများအနီးပါတ်ဝန်းကျင် နှင့် ရိတ်သိမ်းပြီး လယ်တောများ အနီးတွင် လွှတ်ကျောင်း ကြပါသည်။

အခြား ကြက်၊ ဝက်ကိုလည်း အိမ်တိုင်းနီးပါး မွေးမြူလေ့ရှိပြီး၊ မွေးမြူရေးမှ ဝင်ငွေရရှိမှုနည်းသည်။ သို့သော် ယခုအခါ မိသားစု စားဝတ်နေရေးအရ နွားနှင့် ဝက်မွေးမြူရန် စိတ်ဝင်စားကြသည်။ စီးပွါးဖြစ် ဥစားကြက်နှင့် အသားစား စီပီကြက်ကို မွေး မြူရန် သင့်တော်သော်လည်း ကျေးရွာလူထုမှ ကျန်းမာရေးအရ ထိခိုက်မှု ရှိနိုင်သောကြောင့် ခွင့် မပြုကြပါ။

## (ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သောအသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

မြေယာမဲ့မိသားစုအချို့သည် ပန်းရံ၊ လက်သမားလုပ်ကိုင်ခြင်း၊ အစိုးရဝန်ထမ်း၊ အိမ်ဈေးဆိုင်ငယ်များ ရောင်းခြင်းတို့ကို လုပ်ကိုင်ကြပါသည်။ အစိုးရဝန်ထမ်းမှလွဲ၍ ကျန်အလုပ်များမှာ

## (စ) ကျားမဆိုင်ရာဆက်နွယ်မှု

ကျေးရွာအတွင်းရှိ ဖွံ့ဖြိုးရေးဆောင်ရွက်နေသော အဖွဲ့အစည်းများဖွဲ့စည်းရာတွင်မူ ကော်မတီ ကိုယ်စားလှယ်အဖြစ် အမျိုးသားများသာ အဓိကပါဝင်ဖွဲ့စည်းထားပြီး အမျိုးသမီးများ ပါဝင်ခွင့် ရမှု နည်းကြသည်။ ကျေးရွာ၏ ဖွံ့ဖြိုးတိုးတက်ရေးနှင့် မိသားစုအတွက် ဆုံးဖြတ်ပိုင်ခွင့်များတွင်မူ အမျိုးသမီးများ၏ အခန်းကဏ္ဍမှာ အားနည်းနေဆဲဖြစ်ပါ သည်။ လုပ်အားခသတ်မှတ်ရာတွင်လည်း အမျိုးသား လုပ်အားခမှာ အမျိုးသမီးများ လုပ်အားခထက် ပိုလေ့ရှိသည်။

## (ငှ) ကဏ္ဍအသီးသီး၏ လက်ရှိ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေ

ကျေးရွာ၏လက်ရှိဖွံ့ဖြိုးမှုအနေအထားကို သိရှိခြင်းအားဖြင့် နိုင်ငံတော်နှင့်ဒေသဆိုင်ရာ အဖွဲ့ အစည်းများ၏ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ချမှတ်အကောင်အထည်ဖော်ရာတွင် ပိုမိုကောင်းမွန် စေရန် များစွာအထောက်အကူပြုနိုင်ပါမည်။

## (က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်

ကျေးရွာရှိ ဖွဲ့စည်းထားသော အဖွဲ့အစည်းများမှာ ဘာသာရေးကဏ္ဍတွင် ဗုဒ္ဓရောင်ခြည် ဝတ်အသင်း၊ ဂေါပကအဖွဲ့၊ အဘိဓမ္မာအဖွဲ့၊ လူမှုရေးကဏ္ဍတွင် မီးသတ်အဖွဲ့၊ မီးလင်းရေးကော်မတီ၊ မိဘဆရာအသင်း၊ ကျောင်းအကျိုးတော်ဆောင်၊ နာရေးကူညီမှုအသင်း၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအဖွဲ့ စသည်တို့ဖြစ်ပါသည်။ ၎င်းအဖွဲ့များ ဖွဲ့စည်းထားသော်လည်း အဖွဲ့အလိုက် စီမံကိန်းများဖြင့် ဆောင်ရွက်ခြင်း၊ အဖွဲ့များပေါင်း စပ်ညှိနှိုင်းဆောင်ရွက်ခြင်း စသည်တို့ အားနည်း လျက်ရှိပါသည်။

ယခုအခါတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဦးဆောင်ပြီး **ကျေးရွာဖွံ့ဖြိုးရေး ကော်မတီ**ကို ကျေးရွာသူ/သားများကိုယ်တိုင် ပူးပေါင်းပါဝင်မှုဖြင့် ရွေးချယ်ဖွဲ့စည်းခဲ့ကြပါသည်။ ဤကော်မတီသည်လုပ်ငန်းကဏ္ဍအလိုက် ရည်ရွယ်၍ ဖွဲ့စည်းထားသောအဖွဲ့ငယ်များ၏ ဖွံ့ဖြိုးရေး လုပ်ငန်းများအတွက် ပုံမှန်အစည်းအဝေးပြုလုပ်၍ အစီအစဉ်ရေးဆွဲခြင်း၊ ညှိနှိုင်းဆောင်ရွက်ခြင်း၊ လုပ်ငန်းခွင် ကြီးကြပ်ခြင်း စသည့်ဖြင့် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင် ပါဝင်သော ဦးစားပေး လုပ်ငန်းများအား သက်ဆိုင်ရာဦးစီးဌာနများ၊ ပြင်ပအဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက် သွားမည် ဖြစ်ပါသည်။

## (ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ

တောင်သူ(၁၅၆)ဦးရှိ၍ စုစုပေါင်းလယ် (၇၁၈) ဧက၊ ယာမြေ စုစုပေါင်း (၆.၂၅) ဧက နှင့် တရွာလုံးစုစုပေါင်း စိုက်ပျိုးမြေမှာ (၇၂၄.၂၅) ဧက ရှိသည်။ လယ်သမားတဦးစုစုပေါင်းပျမ်းမျှ (၄.၆) ဧက ပိုင်ဆိုင်ပြီး၊ တရွာလုံးအနေဖြင့် ပျမ်းမျှ တအိမ်ထောင်လျှင် စိုက်ပျိုးမြေ (၁.၅) ဧကနှုန်း ပိုင်ဆိုင်ကြပါသည်။ ကျေးရွာ၏အဓိကအသက်မွေးလုပ်ငန်းမှာ လယ်ဖြစ်ပြီး တနှစ်သုံးသီး စိုက်ပျိုး ကြသည်။ သီးနှံပုံစံမှာ မိုးကြိုနှမ်း၊ စပါး၊ ကုလားပဲ ဖြစ်သည်။ မိုးကြိုနှမ်းကာလမှာ ဧပြီမှ ဇူလိုင်လ လယ်ထိ ဖြစ်သည်။ မိုးစပါးကာလမှာ ဇူလိုင်လကုန်မှ ဒီဇင်ဘာလလယ်အထိဖြစ်ပြီး၊ ကုလားပဲကို

## (ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု

ထိခိုက်သက်ရောက်လွယ်သော မိသားစုများသည် အမျိုးသမီးဦးဆောင်သော ဆင်းရဲသည့် အိမ်ထောင်စုများ၊ သက်ကြီးရွယ်အို (မ ၇) ဦး၊ မုဆိုးဖိုတစ်ဦး (၆) ဦး၊ အခြားဒေသသို့ အချိန်ကြာမြင့်စွာ သွားရောက် အလုပ်လုပ်ကိုင်သူများ (၁၂) ဦး၊ မသန်စွမ်းသူ (၂) ဦး၊ အဆင်းရဲဆုံး တောင်သူများနှင့် မြေယာမဲ့ကျပန်း အလုပ်သမားများဖြစ်ကြသည်။ ၎င်းတို့သည် အသက်မွေးဝမ်းကျောင်း လုပ်ငန်း၊ ပိုင်ဆိုင်မှုများနှင့် စားနပ်ရိက္ခာ ဖူလုံမှုမရှိသော မိသားစုများဖြစ်ကြသည်။ ကျေးရွာအတွင်းရှိ ဆင်းရဲသောမိသားစုများနှင့် လူငယ်အချို့မှာ ဝင်ငွေပိုမိုရရှိနိုင်ရန်အတွက် ကျေးရွာပြင်ပ (မြို့ကြီးများ/ ပြည်ပ) သို့ သွားရောက် အလုပ်လုပ်ကိုင်ကြပါသည်။ ဆင်းရဲသောမိသားစုအများစုသည် မြေယာ ရေအရင်းအမြစ်နှင့် အခြားသော အသက်မွေးဝမ်းကျောင်းလုပ်ရန်အတွက် အခက်အခဲများကြောင့် စီးပွားရေးထိခိုက်မှုများ ဖြစ်ပေါ်လာလျှင် ရပ်တည်ရန် စွမ်းဆောင်နိုင်စွမ်း မရှိသဖြင့် ထိခိုက် လွယ်သူများ ဖြစ်ကြသည်။

အလယ်အလတ်တန်းတောင်သူများနှင့် တောင်သူကြီးများသည် ၎င်းတို့၏ စိုက်ပျိုးမြေပေါ်တွင် ရေကြီးရေနစ်မြုပ်ခြင်း၊ ရာသီဥတု ဖောက်ပြန်ခြင်း၊ ရေကြီးနစ်မြုပ်၍ မျိုးစေ့နှင့် သီးနှံများ ဆုံးရှုံးခြင်း၊ မိုးခေါင်ခြင်းချိန်တွင် ရေစုပ်ခြ၊ ရေတင်စရိတ်မြင့်မားခြင်း၊ ငွေချေးငှါးရာတွင် အတိုးနှုန်း မြင့်မားခြင်းကြောင့် သွင်းအားစုများ အချိန်မီ အသုံးမပြုနိုင်ခြင်း၊ ရောဂါပိုးမွှားများ ထပ်ဆောင်း သဖွယ် ကျရောက်ခြင်းနှင့် မြေဆီ ထိန်းသိမ်းမှုအားနည်းခြင်းတို့ကြောင့် သီးနှံအထွက်နှုန်း လျော့ကျ စေနိုင်မှု အခြေအနေ မြင့်မားနေပါသည်။

## (ဃ) ကျန်းမာရေးနှင့် အာဟာရ

ရာသီအလိုက်ဖျားနာခြင်း၊ သွေးလွန်တုတ်ကွေးနှင့် ဝမ်းပျက်ဝမ်းလျှော အနည်းငယ်မှအပ ကြီးကြီးမားမား ကျန်းမာရေးပြဿနာ မရှိကြပါ။ အနီးဆုံးဆေးရုံမှာ (၂) မိုင်အကွာ ပွင့်ဖြူမြို့တွင် တည်ရှိသည်။ တခါတရံ ပွင့်ဖြူမှတဆင့် မကွေး ဆေးရုံကြီးသို့လည်း သွားရောက်ကုသကြရသည်။

## (င) ပညာရေးနှင့် ကျွမ်းကျင်မှုများ

သက်ကြီးပိုင်းအနည်းငယ်မှလွဲ၍ လူတိုင်းနီးပါး အခြေခံအရေးအဖတ်၊ အတွက်အချက်ကို တတ်မြောက်ကြပါသည်။ ကျောင်းမနေဘူးသူ ကျား (၇) ဦးနှင့် မ (၁၄) ဦး၊ စုစုပေါင်း စာတတ်သူ (၂၁) ဦးရှိသည်။ ဘာသာရေးဖုန်းကြီးစာတတ်မြောက်သူ ကျား (၃၅) ဦး၊ မ (၃၆) ဦး၊ စုစုပေါင်း (၇၁) ဦး ရှိသည်။ မူလတန်းပညာ ပြီးဆုံးသူ ကျား (၄၃၉) ဦး၊ မ (၅၃၂) ဦး စုစုပေါင်း (၉၇၁) ဦး။ အလယ်တန်းပညာ ပြီးဆုံးသူ ကျား (၂၇၀)၊ မ (၂၃၇)၊ စုစုပေါင်း (၅၀၇) ဦး။ အထက်တန်းပညာ ပြီးဆုံးသူ ကျား (၁၀၉)၊ မ (၁၁၁) ဦး စုစုပေါင်း (၂၂၀) ဦး။ တက္ကသိုလ်ပြီးဆုံးသူ ကျား (၆၈)၊ မ (၁၀၃) စုစုပေါင်း (၁၇၁) ဦးရှိသည်။ ၅ နှစ်အထက် လူဦးရေပေါင်းမှာ (၁၈၀၀) ဦး (ကျား ၈၃၇ + မ ၉၆၄) ရှိသည်။

ကံသာကြီးကျေးရွာတွင် ဆည်ရေသောက်လယ်များနှင့် မိုးကောင်းသောက် ယာမြေ အနည်းငယ်သာ ရှိသည်။ လယ်အတွက်ဆည်ရေကို တနှစ်ပါတ်လုံးရရှိနိုင်ပြီး ယာမြေတွင် စက်အဝီစိတွင်းဖြင့် စိုက်ပျိုးရေကို မြေအောက်ရေ ရရှိနိုင်သည်။

သဘာဝဆေးဖက်ဝင်အပင်များဖြစ်သော တောဆီးဖြူ၊ ထိကရုန်း(ရေကုန်း)၊ ကနဖော့၊ ရှူးကလော့၊ နွယ်ဖြူ၊ ကုလားမုတ်ဆိတ်၊ မြင်းခွာ၊ ပိုမိုများပြားလာသည်။ ငါးရံ့၊ ဆလားဗီးယားများ ဖမ်းဆီးမှုများပြားသည်။ ဘက်ထရီဖြင့် ရှော့တိုက်ခြင်း၊ ငါးရှဉ့်များကို ကျဉ်စက်နှင့် တို့ဖမ်းခြင်း တို့ကြောင့် တဖြည်းဖြည်းရှားပါးလာသည်။ ရေဘဲ၊ ရေကြက်၊ စစ်စလီ၊ ပုဇွန်လုံး၊ ရေမြွေ၊ မြွေပွေး၊ ဖား၊ တီကောင်များရှားပါးလာသည်။

ရှား၊ ထနောင်း၊ ကုက္ကို၊ စသည့် အပူပင်များ ပေါက်ရောက်ပြီး ထိန်းသိမ်းမှုအားနည်းခြင်းနှင့် ထုတ်ယူသုံးစွဲမှု များသောကြောင့် သစ်တော၊ ဝါး၊ ပျားရည်နှင့် အဖိုးတန်တိရစ္ဆာန်မျိုးစိတ်များ လျော့နည်းလာသည်။ လက်လှမ်းမီနိုင်မှု တဖြည်းဖြည်းခက်လာသည်။

## (၃) ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ

### (က) လူဦးရေဆိုင်ရာ အချက်အလက်များ

ကျေးရွာတွင်မိသားစု(၄၆၈)စုရှိပြီး လူဦးရေစုစုပေါင်း (၂၀၉၇)ဦး(ကျား ၁၀၀၅ + မ ၁၀၉၂) ရှိပါသည်။ ကျေးရွာတွင် မြန်မာလူမျိုးများနေထိုင်ကြပြီး ပျမ်းမျှ တစ်မိသားစုလျှင်(၄.၅)ဦးခန့် ရှိပါသည်။ အသက်(၁၅နှစ်မှ၆၀နှစ်)အထိအလုပ်လုပ်နိုင်သော လူဦးရေ ၇၂% ရှိပြီး (၁၅)နှစ်အောက် လူဦးရေနှင့် အသက်(၆၀)နှစ် အထက် လူဦးရေစုစုပေါင်း ၂၈% သည် မှီခိုသူများ ဖြစ်ကြပါသည်။

### (ခ) စီးပွားရေးအခြေအနေ

ကျေးရွာအခြေအနေကို ရွာသူရွာသားများ ကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်း (PRA) တွင် ကျေးရွာမိသားစုများ၏ ဥစ္စာဓနအဆင့်ခွဲခြားမှု နည်းလမ်းအရ ကျွန်ုပ်တို့ ကျေးရွာလူထုသည် ယေဘုယျအားဖြင့် ဆင်းရဲသည်ကိုတွေ့ရှိရပါသည်။ အိမ်ထောင်စု(၄၆၈)စု၏ (၉၅.၃%)ခန့် သည် ဆင်းရဲသည်ဟု ခံယူကြပါသည်။ (၄.၇%) ခန့်မှာ ချောင်လည်သည်ဟု ဆုံးဖြတ်ကြပါသည်။ ဆင်းရဲသည်ဟု သတ်မှတ်ထားသောသူများသည် မြေယာမဲ့များနှင့် စိုက်ပျိုးလယ်မြေ (၅) ဧကနှင့် အောက် ပိုင်ဆိုင်သောသူများ၊ ကျပန်းအလုပ်သမားများ ဖြစ်ပါသည်။ ချောင်လည်သော မိသားစုများ သည် စိုက်ပျိုးမြေ လယ် (၅)ဧကနှင့် အထက် ပိုင်ဆိုင်သူများနှင့် စိုက်ပျိုးရေးသုံး စက်ပစ္စည်း ကိရိယာများ ပိုင်ဆိုင်သော သူများဖြစ်ကြသည်။ ကျေးရွာရှိ အိမ်ထောင်စုပေါင်း၏ (၂၀.၁%)သည် ဆင်းရဲသားလယ်သမားများဖြစ်ကြပြီး လယ်မြေ (၅)ဧကအောက် မြေယာအနည်း ငယ်ကိုပိုင်ဆိုင်၍၊ (၁၃.၂%)မှာချောင်လည်သူများဖြစ်ပြီး(၅)ဧက အထက်ပိုင် ဆိုင်ကြပါသည်။

စွမ်းရည်နှင့်လိုအပ်သော အရင်းအနှီးများ ပြည့်စုံမှု အပေါ်မူတည်၍ နောင်တွင် တဖြည်းဖြည်း တိုးချဲ့ဆောင်ရွက်သွားမည့် အစီအစဉ်မျိုး ဖြစ်ပါသည်။

## (၂) ကျေးရွာ၏ ပထဝီဝင် အနေအထားနှင့် သဘာဝအရင်းအမြစ်များ

### (က) တည်နေရာ၊ ရာသီဥတု နှင့် မြေမျက်နှာသွင်ပြင် အနေအထား

ပထဝီဝင်အနေအထားအရ ပွင့်ဖြူမြို့နယ်၊ မြန်မာပြည်၏ အလယ်ပိုင်းတွင်တည်ရှိပြီး မြောက်ဘက်တွင် စလင်းမြို့နယ်၊ အရှေ့ဘက်တွင်ရေနံချောင်းမြို့နယ်၊ တောင်ဘက်တွင် မင်းဘူးမြို့နယ်၊ အနောက်ဘက်တွင် စေတုတ္တရာမြို့နယ်တို့နှင့် နယ်နိမိတ်ချင်းဆက်စပ်နေသော ဒေသတစ်ခု ဖြစ်ပါသည်။ ပွင့်ဖြူမြို့နယ်သည် ဧရာဝတီမြစ်၏ အနောက်ဖက်တွင် တည်ရှိပြီး ယခုအခါ မြန်မာပြည်အရပ်ရပ်သို့ ကားလမ်းများဖြင့် ဆက်သွယ်ထားပြီး ပခုက္ကူနှင့်လည်း မီးရထားလမ်းဖြင့် ဆက်သွယ်ထားသည်။

ပွင့်ဖြူမြို့နယ်သည် နှစ်စဉ်မိုးရေချိန် (၄၀) လက်မအောက်သာ ရွာသွန်းပြီး ပူပြင်း ခြောက်သွေ့သောဒေသဖြစ်သည်။

ကျောင်းတော်ရာဘုရားနှင့် အခြားတန်ခိုးကြီး ရှေးဟောင်းဘုရားများ၊ ရှေးဟောင်းပန်းပု လက်ရာများတို့တည်ရှိရာ နိုင်ငံခြားခရီးသွားလုပ်ငန်းအတွက် အလားအလာကောင်းသော ဒေသ တစ်ခုလည်းဖြစ်ပါသည်။ အများစုမှာ မြန်မာလူမျိုးအများစု နေထိုင်ကြသော်လည်း မြေပြန့် ချင်းလူမျိုး အနည်းငယ်လည်း နေထိုင်ကြသည်။ ပွင့်ဖြူမြို့ နယ်တွင် တစ်နှစ်ပါတ်လုံး စီးဆင်းသော မုန်းချောင်းရှိပြီး ၎င်းမုန်းချောင်းမှ ဆည်မြောင်းများလည်း တည်ဆောက် ထားသောကြောင့် ပွင့်ဖြူမြို့နယ်၏ အရှေ့ဘက်ခြမ်းသည် ဆည်ရေသောက် စိုက်ဧရိယာများပြီး စိုက်ပျိုးရေး ထွန်းကားသော မြို့နယ်ဖြစ်သည်။ စပါး၊ ပဲမျိုးစုံ၊ နှမ်း၊ နေကြာ၊ မြေပဲ၊ ဆေးရွက်ကြီး၊ ကြက်သွန်နီ၊ ငရုပ်၊ ဘူး၊ ဖရုံနှင့် နှစ်ရှည်ပင်များဖြစ်သော ငှက်ပျော၊ သရက်၊ ပိန္နဲ၊ ဇီး၊ စသည်တို့ အောင်မြင် ဖြစ်ထွန်းသည်။

ကံသာကြီးကျေးရွာသည် စံပြကျေးရွာအုပ်စုတွင်ပါဝင်ပြီး ပွင့်ဖြူမြို့မှ (၃.၂) ကီလိုမီတာခန့် အကွာအဝေး၊ ပွင့်ဖြူ မြို့၏ အရှေ့တောင်ဘက် ပွင့်ဖြူ၊ မင်းဘူး၊ မကွေး ကတ္တရာကားလမ်းဘေးတွင် တည်ရှိပြီး မြေပြန့်ဒေသဖြစ်သည်။ မိုးများသောနှစ်များတွင် မုန်းချောင်းမှ ရေလွှမ်းမိုးခြင်းကို ခံရသည်။ အချိန်မရွေး၊ ရာသီမရွေး ယဉ်မျိုးစုံ သွားလာ နိုင်ပြီး လမ်းပန်းဆက်သွယ်ရေး ကောင်းမွန် သည်။ အဓိကစိုက်ပျိုး သီးနှံမှာ စပါး၊ ပဲမျိုးစုံ၊ နှမ်းဖြစ်သည်။

### (ခ) သဘာဝအရင်းအမြစ်များ

ပွင့်ဖြူမြို့နယ်သည် မြန်မာပြည်တွင် စပါး၊ ပဲမျိုးစုံနှင့် ဆီထွက်သီးနှံများ အများအပြား ထွက်ရာဒေသလည်း ဖြစ်သည်။ မုန်းချောင်းလည်းရှိပြီး ၎င်းမုန်းချောင်းမှတဆင့် စိုက်ပျိုးရေး အတွက် ဆည်မြောင်းများလည်း များစွာရှိပြီး စိုက်ပျိုးရေးထွန်းကားသောဒေသလည်းဖြစ်သည်။

## မာတိကာ


**မာတိကာ** ၁

**စကားချီး** ၅

**ကံသာကြီးကျေးရွာ အရင်းအမြစ်ပြမြေပုံ၊ ပွင့်ဖြူမြို့နယ်** ၇

**အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ နှင့် အစီအစဉ်** ၈

**(၁) နိဒါန်း- ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု** ၈

(က) ရည်ရွယ်ချက်နှင့် ကျိုးကြောင်း ဖော်ပြချက်

(ခ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု

**(၂) ကျေးရွာ၏ ပထဝီဝင် အနေအထားနှင့် သဘာဝအရင်းအမြစ်များ** ၁၀

(က) တည်နေရာ၊ ရာသီဥတု နှင့် မြေမျက်နှာသွင်ပြင် အနေအထား

(ခ) သဘာဝအရင်းအမြစ်များ

**(၃) ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ** ၁၁

(က) လူဦးရေဆိုင်ရာ အချက်အလက်များ

(ခ) စီးပွားရေးအခြေအနေ - ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု

(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု

(ဃ) ကျန်းမာရေးနှင့် အာဟာရ

(င) ပညာရေးနှင့် ကျွမ်းကျင်မှုများ

(စ) ကျားမဆိုင်ရာ ဆက်နွယ်မှု

**(၄) ကဏ္ဍအသီးသီး၏ လက်ရှိ ဖွံ့ဖြိုးမှု အခြေအနေ** ၁၃

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်

(ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ

(ဂ) စိုက်ပျိုး မွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

(ဃ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာ စီမံခန့်ခွဲမှု

(င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

(စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

(ဆ) လူငယ်နှင့် ယဉ်ကျေးမှု

(ဇ) အခြေခံ အဆောက်အဦများလက်လှမ်းမီမှု - လမ်း၊ တံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့် ဆက်သွယ်ရေး

(ဈ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး